# ခေတ်ပြယ်

## သတင်းလွှာ


- ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်း
- သတင်းအတို
- ပညာရှိအဆိုအမိန့်
- ဟာသ
- ဗေဒင်
- အားကစား
- အနုပညာ



အတွဲ(၄)၊အမှတ်(၂၈)။ ၂၀၁၀ ခုနှစ်၊ဇွန်လ(၂၅)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုခံခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးနှင့် ပြည်လည်ထူထောင်ရေးအဖွဲ့က ထိထိရောက်ရောက် စီမံဆောင်ရွက်ပေးလျက်ရှိ

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် သဘာဝဘေးကျရောက်မှုများ၊ ပျက်စီးဆုံးရှုံးမှုများ၊ သေကျေပျက်စီးဒဏ်ရာရရှိမှုများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ဇွန် ၁၈ရက်ထုတ် သတင်းစာများ၌ အကျယ်တဝင့် ဖော်ပြခဲ့ပြီးဖြစ်သည်။ အဆိုပါဖြစ်စဉ်များနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲသတင်းများအရ စစ်တွေ-ပုဏ္ဏားကျွန်း-ယိုးတရုတ်ရထားလမ်းပိုင်း၊ ဘူးသီးတောင်-မောင်တောသွားကားလမ်းနှင့် ရန်ကုန်-စစ်တွေကားလမ်းတို့ကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်အောင် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဇွန် ၁၆ရက် နံနက်ပိုင်းက ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် မောင်တောမြို့မှ ရေဘေးဒုက္ခသည်များသည် ယင်းတို့၏ နေအိမ်အသီးသီးသို့ ပြန်လည်ရောက်ရှိကြပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် မြောက်ဦးမြို့တွင် ဇွန် ၁၅ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် လက်အောက်စျေးရပ်ကွက် ဆင်ချဆိပ်ရွာမရှိ အိမ်ခြေ ၂၇ လုံး၊ ရေအမြင့်သုံးပေခန့်အထိ နစ်မြုပ်ခဲ့ရာ ရေဘေးဒုက္ခသည် ၁၅၂ဦး တို့အား ဆင်ချဆိပ်ရွာမ ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းတွင်လည်းကောင်း၊ ဆင်ချဆိပ်ရွာသစ်ရှိ အိမ်ခြေ ၇၅ လုံး၊ ရေအမြင့်သုံးပေခန့်အထိ နစ်မြုပ်ခဲ့ရာ ရေဘေးဒုက္ခသည် ၃၈၁ဦး တို့အား အခြားအခြေခံကျောင်းများတွင်လည်းကောင်း ရွှေ့ပြောင်း၍ ယာယီနေရာချထားပေးခဲ့ကြောင်း၊ ဒေသအာဏာပိုင်နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ ပူးပေါင်း၍ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ ထမင်းထုပ်များ ဝေငှခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ နောက်ဆုံးရရှိသည့် သတင်းများအရ ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း မြို့နယ်အချို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့သည့်အတွက် တောင်မြေပြိုခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ တောင်ကျရေစီးခြင်း၊ ဒီရေတက်ခြင်းတို့ကြောင့် သေဆုံးသူ စုစုပေါင်းမှာ အမျိုးသား ၃၅ဦး၊ အမျိုးသမီး ၂၈ဦး စုစုပေါင်း၆၃ဦးတို့ဖြစ်ကြောင်းသိရှိရသည်။လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းပါဝင်သည့် ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့ကလည်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရာဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိနေကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဟောင်းနွမ်းငွေစက္ကူ လဲလှယ်ပေးမှု သိန်းပေါင်း တစ်ထောင့်နှစ်ရာကျော်ရှိနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ထုတ်ဝေခဲ့သည့် ငွေစက္ကူများအနက် အထူးသဖြင့် (၁၀ ကျပ်တန်မှ ၂၀၀ ကျပ်တန်) အထိ တန်ဖိုးငွေစက္ကူများကိုပြည်သူလူထုလက်ထဲတွင် ဆက်လက်သုံးစွဲရန် မသင့်တော်သည့် ဟောင်းနွမ်းငွေစက္ကူများအား တန်ဖိုးတူ ငွေစက္ကူအသစ်များဖြင့် လဲလှယ်ပေးခဲ့ရာ ၂၀၀၉ခုနှစ် ဩဂုတ်လ ၃ရက်မှ ၂၀၁၀ ဇွန်လအထိ ကျပ်သိန်းပေါင်း တစ်ထောင့်နှစ်ရာကျော်ရှိခဲ့ကြောင်း သိရသည်။ ငွေအကြွေအတွက် အမှန်တကယ် အသုံးလိုသော စူပါမားကတ်ကြီးများ၊ စတိုးဆိုင်ကြီးများသို့လည်း ငွေအကြွေလဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆောင်ရွက်နေသည့် မော်တော်ယာဉ်လိုင်းများ၊ စျေးများမှ တစ်ဆင့် ပြည်သူလူထုလက်ဝယ်သို့ တိုက်ရိုက်ရောက်ရှိစေရန်ရည်ရွယ်ပြီးရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရန်ကုန်ဘဏ်ခွဲမှရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီစျေးများဌာနနှင့်ရန်ကုန်တိုင်းမော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီတို့ကို ၂၀၀၈ခုနှစ် ဇန်နဝါရီလ ၂၂ ရက်မှစ၍ အပတ်စဉ်ကျပ်သိန်း၁၀၀ကျော်၊ နေပြည်တော်တွင်ရှိသည့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေပြည်တော်စည်ပင်သာယာရေးကော်မတီ စျေးများဌာနသို့ ၂၀၀၈ ခုနှစ် ဩဂုတ်လမှ အပတ်စဉ် ကျပ်သိန်း ၅၀ ကျော်၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်မန္တလေးဘဏ်ခွဲမှမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီစျေးများဌာနသို့ ၂၀၀၈ခုနှစ် အောက်တိုဘာလ ၁၆ရက်မှစ၍ အပတ်စဉ် ကျပ်သိန်း ၃၀ကျော် ပြည်သူလက်ဝယ်သို့ လဲလှယ်ပေးလျက်ရှိကြောင်း၂၀၁၀ခုနှစ် ဇွန်လ ၂၃ရက်နေ့ထုတ်News Watch Weekly ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ငါးသိန်းတန်ဖုန်းအလုံးရေ ရှစ်သောင်းထပ်ချပေးမည်၊ လျှောက်လွှာတင်သွင်းရမည့်ဌာန ရှစ်နေရာနှင့် ဖုန်းထုတ်ယူရန် ငါးနေရာသတ်မှတ်၊ ဇွန် ၂၁ရက်တွင် စတင်ဆောင်ရွက်ပေးမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငါးသိန်းတန် CDMA 800 MHz Wll ဝါယာလက်အော်တိုဖုန်းလျှောက်လွှာများကို မြို့နယ်များအလိုက် လျှောက်လွှာတင်သွင်းရမည့်ဌာန ရှစ်နေရာသတ်မှတ်လိုက်ကြောင်း CDMA 800 MHz Wll စနစ် RUM ကတ်ထုတ်ပေးမည့်ဆိုင်များကိုလည်း ငါးနေရာသတ်မှတ်ကာ အဆိုပါနေရာများမှ ဇွန်လ ၂၁ရက် တနင်္လာနေ့မှ စတင်၍ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒုတိယအသုတ် အနေဖြင့် ငါးသိန်းတန်ဖုန်းအလုံးရေ ရှစ်သောင်းချပေးမည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(အလုံ)မှမန်နေဂျာဦးခင်မောင်တင့် ကပြောကြားသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငါးသိန်းတန်လျှောက်လွှာလက်ခံမှုနှင့် ပတ်သက်၍ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ အလုံမြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မရမ်းကုန်းမြို့နယ် များအနေဖြင့် အလုံ(စီးပွားဌာန) တွင်လည်းကောင်း၊ လသာမြို့နယ်၊လမ်းမတော်မြို့နယ်၊ပန်းဘဲတန်းမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့နယ် အနေဖြင့်လမ်း၄၀(စီးပွားဌာန-၂)နှင့် ပန်းဆိုးတန်း(စီးပွားဌာန-၃) တို့တွင်လည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ်များက ရွှေဂုံတိုင်(စီးပွားဌာန-၄) တွင်လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လှိုင်သာယာမြို့နယ်၊ သန်လျင်မြို့နယ်များက ဗဟိုစာတိုက်ကြီး (စီးပွားဌာန-၅) တွင်လည်းကောင်း၊ ကမာရွတ်မြို့နယ်၊ အင်းစိန်မြို့နယ်၊ လှိုင်မြို့နယ်များက တက္ကသိုလ်စာတိုက် (စီးပွားဌာန-၆) တွင် လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်များက မင်္ဂလာဒုံစာတိုက် (စီးပွားဌာန-၇) တွင် လည်းကောင်း၊ မြောက်ဒဂုံမြို့နယ်၊ တောင်ဒဂုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ် များက မြောက်ဒဂုံစာတိုက်(စီးပွားဌာန-၈) တွင်လည်းကောင်းသက်ဆိုင်ရာနေရာအလိုက် လျှောက်ထားရမည်ဟုဌင်းကရှင်းလင်းပြောကြားကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၂၃ရက်နေ့ထုတ်News Watch Weekly ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း မှ အဆက်

## ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများတွင် နည်းပညာတိုက်ခိုက်ခံရပါက ကူညီပေးမည်

ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းများတွင် နည်းပညာတိုက်ခိုက်ခံရပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ ကူညီပေးရာတွင် ကွန်ပျူတာပညာရှင် အသင်းအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ များကိုသာအဓိကထားကူညီပေးသွားမည်ဖြစ်ကြောင်းသိရသည်။ "ကျွန်တော်တို့အနေနဲ့ ပြည်တွင်း ကစီးပွားရေးလုပ်ငန်းရှင်တွေ နည်းပညာတွေနဲ့ ပတ်သက်ပြီး ဖြစ်လာတဲ့ပြဿနာတွေကို ဖြေရှင်းဖို့ လိုအပ်တဲ့နည်းပညာတွေပံ့ပိုးကူညီပေးသွားမှာပါ။ သုံးစွဲသူတွေအတွက် မိမိတို့ သတင်း အချက်အလက်တွေ လုံခြုံမှု ရှိအောင် သုံးစွဲသင့် တဲ့ဆော့ဖ်ဝဲတွေကိုလဲ လမ်းညွှန်ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှဦးငြိမ်းဦးက ပြောသည်။ ယင်းသို့ ပြည်တွင်းရှိနည်းပညာအသုံးပြုသော လုပ်ငန်းများနည်းပညာဖြင့် တိုက်ခိုက်ခံရခြင်းသည် သုံးစွဲသူများ၏ အားနည်းချက်ကြောင့်ဖြစ်ကြောင်း သိရသည်။ " တကယ်တော့ နည်းပညာသုံးစွဲသူတွေ အနေနဲ့ မိမိအချက်အလက်တွေပျက်စီးဆုံးရှုံးမှုမရှိအောင် ကြိုတင်ကာကွယ်မှုတွေ ဆောင်ရွက်ထားဖို့လိုပါတယ်။ အခုက မိမိနည်းပညာအချက်အလက်တွေခိုးယူဖျက်ဆီးခံရတော့မှကာကွယ်ဖို့ ဆောင်ရွက်ကြတာ တွေ့ရတယ်။ ဒါဟာနည်းပညာသုံးစွဲသူရဲ့အားနည်းမှုကြောင့် ဖြစ်ရတာဖြစ်ပါတယ်" ဟုယင်းကပြောသည်။ လက်ရှိအချိန်တွင်လည်း ပြည်တွင်း၊ ပြည်ပနည်းပညာရှင်များသည် နည်းပညာလုပ်ငန်းများအနှောင့်အယှက်ဖြစ်စေရန် အချက်အလက်များခိုးယူခြင်း၊ ဖျက်ဆီးခြင်းများနှင့် ဗိုင်းရပ်စ်ပိုးများဖြန့်ဝေခြင်းတို့ကို ပိုမိုဆောင်ရွက်လျက်ရှိကြောင်း ၂၀၁၀ ခုနှစ် ၂၂ရက်နေ့ထုတ် Flower News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံအနှံ့တွင်ရှိသော လမ်းများကို ကုမ္ပဏီများအား BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးနင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီက ဝွေးချို-ပခုက္ကူလမ်းပိုင်း လုပ်ကိုင်ခွင့်ရ

မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးစနစ်ကို ပိုမိုကောင်းမွန်စေရန်အတွက် မြန်မာနိုင်ငံအနှံ့တွင် ရှိသောလမ်းများကိုပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများအားBOT စနစ်ဖြင့် စတင်လုပ်ကိုင်ခွင့်ပေးခဲ့ရာ နင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီက ဝွေးချို-ပခုက္ကူလမ်းပိုင်းကို လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ ဝွေးချို-ချောက်-ဆိပ်ဖြူ-ပခုက္ကူ လမ်းပိုင်းအရှည်သည် ၇၈မိုင်ခန့်ရှည်လျားပြီး ယင်းလမ်းပိုင်းတွင် တန့်ကြည့်တောင်အပါအဝင် ချောက်မြို့နယ်အတွင်း မကြာခဏယာဉ်တိမ်းမှောက်မှု ဖြစ်ပွားလျက်ရှိသော အလိမ်ကွေ့ကိုပါ အဆင့်မြှင့်တင်ပြီး တိုးချဲ့ဖောက်လုပ်ပေးသွားမည်ဟု သိရသည်။ " ကျွန်တော်တို့ တာဝန်ယူတည်ဆောက်ပေးမယ့် လမ်းပိုင်းက ရန်ကုန်ကနေ ပခုက္ကူကိုသွားလာရမယ့် အဝေးပြေးကားတွေ အပါအဝင် ကုန်တင်ကားတွေလဲ ဒီလမ်းကနေအဓိက သွားလာနေရပါတယ်။ ဒီလမ်းပိုင်းကနေပြီး ပခုက္ကူမြို့အပါအဝင် ကျောက်ပန်းတောင်း၊ မကွေး၊ မင်းဘူး၊ ပုဂံ၊ ဆောနဲ့ မြိုင်မြို့တွေ အပါအဝင် ပေါက်မြို့နယ်တွေကိုပါ သွားလာလို့ရပါတယ်။ အဲဒီကမှတစ်ဆင့် မန္တလေးတိုင်းနဲ့ စစ်ကိုင်းတိုင်းတွေကိုပါ ဆက်လက်သွားလာနိုင်မှာဖြစ်တာကြောင့် ဒီလမ်းပိုင်းကိုအသုံးပြုပြီးသွားလာကြမယ့် ယာဉ်တွေ သွားလာရာမှာအဆင်ပြေပြေသွားလာနိုင်ဖို့အတွက် ရှိပြီးသားလမ်းတွေကို တိုးချဲ့ပြီး ဖောက်လုပ်ပေးသွားမှာဖြစ်ပါတယ် " ဟု အဆိုပါ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ အဆိုပါ ကုမ္ပဏီအနေဖြင့် ဖောက်လုပ်ခွင့်ရရှိသော လမ်းပိုင်းအနက် ယခုအခါ ၁၇မိုင် ၁ဖာလုံ ရှိသော ဝွေးချို-ချောက်လမ်းပိုင်းကို စတင်လုပ်ကိုင်နေပြီဟု သိရသည်။ နင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည့် အဆိုပါလမ်းပိုင်းတွင် ယာဉ်မကြာခဏ တိမ်းမှောက်လျက်ရှိသော အလိမ်ကွေ့ကိုလည်း ခေတ်မီနည်းပညာများကို အသုံးပြုကာ ပြန်လည်ဖောက်လုပ်ပေးသွားမည်ဟု သိရသည်။ ယင်းကုမ္ပဏီက တာဝန်ယူကာ တိုးချဲ့ဖောက်လုပ်လျက်ရှိသော ဝွေးချို-ပခုက္ကူလမ်းပိုင်းတွင် ဒေသခံပြည်သူ ၃၀၀ နီးပါးကို အသုံးပြုသွားမည်ဟု သိရသည်။ မြန်မာနိုင်ငံမှ တာဝန်ရှိသူများသည် ပြည်တွင်းတွင် အသုံးပြုလျက်ရှိသောလမ်းများကို လက်ရှိအသုံးပြုကာ သွားလာလျက်ရှိသော ယာဉ်များအဆင်ပြေစွာ သွားလာနိုင်ရန်သာမက မြန်မာပြည်အနှံ့မှ ဒေသခံပြည်သူများ ခရီးသွားလာရာတွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်အတွက် မြန်မာပြည်အနှံ့တွင် တည်ရှိသောလမ်းများကို အဆင့်မြှင့်တင်ရန် ပြည်တွင်းတွင်ရှိသော ဆောက်လုပ်ရေးကုမ္ပဏီများကို BOT စနစ်ဖြင့် စတင်လုပ်ကိုင်ခွင့်ပေးနေပြီဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၂၂ ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## နယ်ပယ်အစုံလုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းကြီးများ၊ ဝင်ရောက်လာနိုင်သည့် နိုင်ငံခြားလုပ်ငန်းအချို့နှင့် ယှဉ်ပြိုင်နိုင်ရန် စီးပွားရေးလုပ်ငန်းအချို့ ညှိနှိုင်းပြင်ဆင်

၂၀၀၈ ခုနှစ်နောက်ပိုင်း လုပ်ပိုင်ခွင့်ပမာဏအများအပြား ရရှိခဲ့သည့် စီးပွားရေးလုပ်ငန်းများ၊ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ဝင်ရောက်လာနိုင်ဖွယ်ရှိသော နိုင်ငံခြားလုပ်ငန်းအချို့နှင့် ယှဉ်ပြိုင်နိုင်ရန် စီးပွားရေးလုပ်ငန်းအချို့ ညှိနှိုင်းပြင်ဆင်လျက်ရှိကြောင်း စီးပွားရေးအသိုင်းအဝိုင်းမှ သိရှိရပါသည်။ "စီးပွားရေးလုပ်ငန်းလေး၊ ငါးခုကနေ ၁၀ခု၊ ၁၅ခု လောက်ထိစုပြီး ပြင်ဆင်နေတာမျိုးပါ။ အဓိကကတော့ ယှဉ်ပြိုင်နိုင်စွမ်းရှိအောင်ပါ။ လက်ရှိအခြေအနေမှာ တစ်ဦးတစ်ယောက်ချင်းဆိုရင် မပြိုင်နိုင်ဘူး။ ပြီးတော့ ဒီပုံစံအတိုင်းဆို ရေရှည်မှာလည်းပြိုင်နိုင်ဖို့မလွယ်ဘူး။ နိုင်ငံတကာလုပ်ငန်းတွေလည်း ဝင်လာနိုင်တယ်။ ဒါ့အပြင် အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဒေသဖြစ်လာရင်လည်း ဒေသတွင်းနိုင်ငံကလုပ်ငန်းတွေနဲ့ ပြိုင်ရဦးမယ်။ ဒါကြောင့် လုပ်ငန်းရှင်တွေစုစည်းပြီး ညှိနှိုင်းပြင်ဆင်နေတယ်။ လိုအပ်ရင်လိုအပ်သလိုလုပ်ငန်းတွေ ပေါင်းစည်းပြီး အရင်းအနှီးစုစည်းသွားမှာပါ " ဟုစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားပါသည်။ ထိုသို့ စီးပွားရေးလုပ်ငန်းများ ညှိနှိုင်းနေမှုတွင် နယ်ပယ်မတူသော စီးပွားရေးလုပ်ငန်းများ အများစုပါဝင်ပြီး နယ်ပယ်စုံတွင် လုပ်ငန်းများဆောင်ရွက်နေသည့်စီးပွားရေးလုပ်ငန်းများကဲ့သို့ လုပ်ကိုင်နိုင်ရန် အဓိကဦးတည်ကြောင်း၊ လက်ရှိအချိန်တွင် နယ်ပယ်အလိုက် လုပ်ငန်းများတွင် ကျယ်စေရန် ပံ့ပိုးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပြီး အချင်းချင်းတွေ့ဆုံဆွေးနွေးမှုများအပြင် နယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်ဆွေးနွေးမှုများလည်းရှိကြောင်း သိရသည်။ လက်ရှိစီးပွားရေးလုပ်ငန်းများအနေဖြင့် ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေးနယ်ပယ်များတွင် ပမာဏအများဆုံးဝင်ရောက်ဆောင်ရွက်လျက်ရှိပြီး အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နေကြကြောင်း၊ ထိုကဏ္ဍများအပြင် ဝင်ရောက် လုပ်ကိုင်လိုသည့် စီးပွားရေးနယ်ပယ်များတွင် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ငွေရေးကြေးရေး စသည့် ဝန်ဆောင်မှုနယ်ပယ်များ ပါဝင်လျက်ရှိကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၂၃ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာ-ပါကစ္စတန် ပူးပေါင်း၍ ကမ္ဘာ့ဈေးကွက်သို့ မြန်မာလက်မှုအနုပညာပစ္စည်းများ တင်ပို့မည်

မြန်မာ-ပါကစ္စတန် ပူးပေါင်း၍ ကမ္ဘာ့ဈေးကွက်သို့ မြန်မာလက်မှုအနုပညာပစ္စည်းများ တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း ယင်းကဲ့သို့ ဆောင်ရွက်နိုင်ရန် သီရိမြန်မာ လက်မှုအနုပညာလုပ်ငန်းနှင့် ပါကစ္စတန် NGO တစ်ခုတို့ ညှိနှိုင်းနေကြောင်း သိရသည်။ " အကြိုညှိနှိုင်းပြီးပြီ၊ ကျွန်တော်တို့ လုပ်ထားတဲ့ ပစ္စည်းတွေပြမယ်။ သူတို့က လိုချင်တဲ့ပစ္စည်းတွေ မှာမယ်။ ပြီးရင် လုပ်ငန်းသဘောအတိုင်း စာချုပ်ချုပ်မယ်။ ကျွန်တော်တို့ဘက်က သူတို့လိုချင်တဲ့ပစ္စည်းကိုလုပ်ပေးရုံပဲ။ဈေးကွက်တင်ပို့မယ့်အပိုင်းကသူတို့ဘာသာလုပ်မှာ " ဟုသီရိမြန်မာလက်မှုအနုပညာလုပ်ငန်းမှ တာဝန်ရှိသူ ဦးသာစုက ပြောသည်။ သီရိမြန်မာလက်မှုအနုပညာလုပ်ငန်းမှ ကြေးထည်၊ ငွေထည် လက်မှုအနုပညာပစ္စည်းများမှာ တရုတ်၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ အင်္ဂလန်၊ အမေရိကန် ဈေးကွက်ထိပင် ရောက်ပြီးနေပြီဟု သိရသည်။ " နိုင်ငံတော်တော်များများကို ရောက်နေပြီ။ ကျွန်တော်တို့ ကိုယ်တိုင်ပို့တာ မဟုတ်ဘူး။ ကုန်သည်တွေကတစ်ဆင့် ဝယ်သွားပြီး တခြားနိုင်ငံတွေမှာ ရောင်းကြတာ။ ထိုင်းနဲ့ ဂျပန်ဈေးကွက်ကတော့ အကျယ်ပြန့်ဆုံးပဲ။ အများအားဖြင့် သူတို့နိုင်ငံမှာမရှိနိုင်တဲ့ မြန်မာ့ရိုးရာစင်စစ်တွေကိုပိုသဘောကျတယ်။ ရိုးရာလက်မှုအနုပညာပစ္စည်းတွေဆိုပေမယ့် အသစ်အဆန်းလေးတွေလည်းထွင်ပြီး လုပ်ရတယ်။ တချို့တွေက ရှေးဟောင်းပုံစံတွေ ကြိုက်ပေမယ့် တချို့တွေကဆန်းသစ်ထားတဲ့ပစ္စည်းတွေ (ဥပမာ- ဖလား၊ ပန်းအိုး၊ တစ်ရှူးထည့်သည့်ခွက်) ကို သဘောကျတယ် " ဟု ယင်းကပြောသည်။ သီရိမြန်မာရိုးရာ လက်မှုအနုပညာလုပ်ငန်းက ယခုနှစ် အောက်တိုဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့လက်မှုအနုပညာပြပွဲသို့ ဝင်ရောက်ပြသရန် စီစဉ်လျက်ရှိကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၂၄ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## ပုဂ္ဂလိကစက်သုံးဆီကုမ္ပဏီအချို့ အသင်းအနေဖြင့် စုပေါင်း၍ စက်သုံးဆီတင်သွင်းမည်

ပုဂ္ဂလိကစက်သုံးဆီ ကုမ္ပဏီအချို့စုပေါင်းကာ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချသူများ အသင်းအနေဖြင့် စက်သုံးဆီတင်သွင်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ယခုလက်ရှိ ရန်ကုန်မြို့တွင် ဖွင့်လှစ်လျက်ရှိသည့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များအား စွမ်းအင်ဝန်ကြီးဌာနမှ ရောင်းချနိုင်သည့် ပမာဏပေါ် မူတည်၍ နှစ်လ အတွင်း ရောင်းချနိုင်ရန် ပြည်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ " အသင်းအနေနဲ့ စုပေါင်းပြီး သွင်းကြဖို့ စီစဉ်လျက်ရှိနေတယ်။ ကုမ္ပဏီ ၁၂ ခုလောက်ပါမယ်။ ထပ်ပြီးလည်း ပါဝင်လာနိုင်တယ်။ လက်ရှိကတော့ MPPE ကရောင်းပေးနေတယ် " ဟု နီလာရိုးမကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ထိုသို့ အသင်းအနေဖြင့် စက်သုံးဆီတင်သွင်းရန် စီစဉ်နေသကဲ့သို့ ကုမ္ပဏီတစ်ခုချင်းစီ တင်သွင်းရန် စီစဉ်မှုများလည်းရှိကြောင်း၊ လက်ရှိစွမ်းအင်ဝန်ကြီးဌာနမှ ရောင်းချပေးမှု ရပ်နားချိန်တွင် ကုမ္ပဏီများ ကိုယ်တိုင်မှာယူ တင်သွင်းရမည်ဖြစ်ပြီး စွမ်းအင်ဝန်ကြီးဌာနက စက်သုံးဆီသိုလှောင်ကန်များကို ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များအားဓါတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၂၃၅၀ ဖြင့်ရောင်းချပေးနေပြီး ဒီဇယ်ကို နိုင်ငံတကာပေါက်ဈေးဖြင့် ရောင်းချပေးနေကြောင်း သိရသည်။ " လက်ရှိရောင်းချနေတဲ့ ဓါတ်ဆီရဲ့ အရည်အသွေးက နိမ့်တယ်။ နိုင်ငံတကာက တင်သွင်းရပြီဆိုရင် အရည်အသွေးမြင့်တဲ့အတွက် ဈေးတက်လာနိုင်တယ် " ဟု ၎င်းကဆက်လက်ပြောကြားသည်။ လက်ရှိပုဂ္ဂလိက အရောင်းဆိုင်အချို့တွင် ရောင်းချနေသည့် ဓါတ်ဆီသည် ၈၇ အဆင့်သာရှိပြီး နိုင်ငံတကာမှ တင်သွင်းသည့်အခါ ဓါတ်ဆီအရည်အသွေးသည် ၉၂ အဆင့်နှင့် အထက်များသာရှိ၍ အော့တိန်းအဆင့်ဖြစ်ကာ ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် စက်သုံးဆီတင်သွင်းရန်အတွက် စင်ကာပူနိုင်ငံရှိ ရေနံကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ၂၀၁၀ ခုနှစ် ဖွန်လ ၂၄ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရပ်နားထားသော ရခိုင်ရေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲပြီဟုဆို

ရခိုင်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် စစ်တွေ-ရသေ့တောင်နှင့် ဘူးသီးတောင်သွားရေယာဉ်များမှာ ဖွန်လ ၁၅ရက်တွင် ရပ်နားခဲ့သော်လည်း ဖွန်လ ၁၇ရက်တွင် ပုံမှန်ပြန်လည်ပြေးဆွဲပေးနေကြောင်းသိရသည်။ ဖွန်လ ၁၅ရက်နှင့် ၁၆ရက်တွင် ရွာသွန်းခဲ့သောမိုးကြောင့် ဘူးသီးတောင်နှင့် မောင်တောမြို့များတွင် ရေကြီး၊ ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ပြီး မေယုမြစ်မှာလည်း ရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။ ထိုကြောင့် ဖွန်လ ၁၅ရက်နံနက်က စစ်တွေဆိပ်ကမ်းမှ ထွက်ခွာသွားသည့် ညေဝတီ(၃) ရေယာဉ်မှဘူးသီးတောင်သို့ ဆက်လက်ထွက်ခွာရန် အခြေအနေမပေးသော ကြောင့် ရေယာဉ်နှင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် ရသေ့တောင်မြို့တွင်ညအိပ်ရပ်နားခဲ့ကြောင်းသိရသည်။ ဖွန်လ ၁၆ရက်မနက် ၉နာရီတွင် ဘူးသီးတောင်မြို့မှ စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာမည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အောင်တံခွန်(၅) ရေယာဉ်အား မေယုမြစ်ရေ ရေကြီးရေလျှံမှုကြောင့် ဘူးသီးတောင်ဆိပ်ကမ်းမှာပင် ရပ်နားခဲ့ရသလို စစ်တွေမှာဘူးသီးတောင်သို့ ထွက်ခွာမည့် ခရီးစဉ်ကိုလည်း ရပ်ဆိုင်းထားခဲ့ကြောင်း သိရသည်။ "ဖွန်လ ဒုတိယပတ် ပထမပိုင်းမှ မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းခဲ့တဲ့အတွက်ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်းမှာ ရုတ်တရက်ရေကြီးပြီးမြေပြိုတယ်။ မိုးလေဝသနှင့်ဇလဗေဒဌာနကလည်း ရခိုင်ပြည်နယ် စစ်တွေမြို့မြောက်ဘက်ဒေသမှာဖြစ်ပေါ်နေတဲ့ တိမ်တိုက်ကြီးကြောင့် မိုးသန်းထန်စွာရွာသွန်းနိုင်ကြောင်းနဲ့ နောက်ဆက်တွဲဖြစ်ပေါ်နိုင်ခြေကိုပါ ထည့်သွင်းကြေညာခဲ့တယ်" ဟုပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဖွန်လ ၁၇ရက်တွင် စစ်တွေဘူးသီးတောင်ရေလမ်းကြောင်းအခြေအနေကောင်းမွန်လာသည့် အတွက် စစ်တွေမြို့မှ ညေဝတီ(၁)ရေယာဉ်မှာ ပုံမှန်ခရီးစဉ်အတိုင်း ပြန်လည်ပြေးဆွဲပေးနေကြောင်း၊ ရသေ့တောင်မြို့တွင် ရပ်နားခဲ့သော ညေဝတီ(၃) ရေယာဉ်သည် ဖွန်လ ၁၇ရက်နေ့တွင် ဘူးသီးတောင်သို့လည်းကောင်း၊ ဘူးသီးတောင်တွင် ရပ်နားခဲ့သော အောင်တံခွန် (၅) ရေယာဉ်သည် စစ်တွေမြို့သို့ လည်းကောင်း ပြန်လည်ထွက်ခွာခဲ့ကြောင်းသိရသည်။ ဖွန်လ ၁၉ရက်နေ့တွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ညေဝတီ(၃) ရေယာဉ်၊ ဘူးသီးတောင်မြို့မှ စစ်တွေမြို့သို့ အောင်တံခွန် (၅)ရေယာဉ်တို့သည် သက်ဆိုင်ရာခရီးစဉ်များအား ဆက်လက်သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း ၂၀၁၀ခုနှစ် ဖွန်လ၂၄ရက်နေ့ ထုတ် Popular News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## အိုင်တီဈေးဝယ်စင်တာ အောက်တိုဘာလတွင် ဖွင့်လှစ်မည်

ပြည်တွင်းရှိ နည်းပညာကုမ္ပဏီပေါင်း သုံးဆယ်ခန့်မှ ပူးပေါင်းဖွင့်လှစ်မည့် နည်းပညာဆိုင်ရာ ပစ္စည်းများ တစ်စုတစ်စည်းတည်း ရရှိနိုင်သော အိုင်တီဈေးဝယ်စင်တာတစ်ခုကို လာမည့်အောက်တိုဘာလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အိုင်တီဈေးဝယ်စင်တာကို ရန်ကုန်မြို့၊ ပြည်လမ်းမပေါ်ရှိ (ပြည်လမ်း၊ စိန်ဂေဟာစင်တာနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော)တည်ဆောက်နေဆဲ တော်ဝင် ဈေးဝယ်စင်တာကြီးတွင် တစ်စုတစ်စည်းတည်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယင်းအိုင်တီဈေးဝယ်စင်တာကို မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA)မှ ဦးစီးဆောင်ရွက်မှုပြုလုပ်နေကြောင်း အသင်းဥက္ကဋ္ဌဒေါ်ဝါဝါထွန်းကပြောသည်။ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းအနေဖြင့် ယခုကဲ့သို့ တော်ဝင်စင်တာတွင် အိုင်တီဈေးဝယ်စင်တာ ဖွင့်လှစ်ရန်ဆောင်ရွက်ရခြင်းမှာ အိုင်တီမောလ်(IT Mall)တစ်ခုကို သီးသန့်ဖွင့်လှစ်နိုင်ရန်နှင့် ပြည်တွင်းရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအရောင်းအဝယ်ကဏ္ဍမှာ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။ နည်းပညာဆိုင်ရာပစ္စည်းများအား တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ဝယ်ယူလေ့လာနိုင်မည့် အိုင်တီဈေးဝယ်စင်တာများနှင့် ပတ်သက်၍ Technoland Computer Sales and Services မှ ဒါရိုက်တာ ဒေါ်အေးအေးမြတ်က "အိုင်တီမောလ်တွေဖြစ်လာရင်တော့ ကောင်းတာပေါ့။ စင်ကာပူတို့၊ ဘန်ကောက်တို့မှာဆို အိုင်တီမောလ်တွေသက်သက်ရှိတယ်။ အများကြီးပဲ ဖွင့်ထားကြတာ၊ အဲဒီလိုမျိုး နည်းပညာပစ္စည်းတွေကို အိုင်တီမောလ်လိုနေရာမျိုးမှာ တစ်စုတစ်စည်းတည်း ဝယ်ယူလေ့လာလို့ရတော့ ဈေးဝယ်သူတွေအတွက် အရမ်းကို အဆင်ပြေလာမှာပါ။ ဟိုပြေး၊ ဒီပြေးဝယ်တာမျိုးလည်း မလုပ်ရတော့ဘူးပေါ့" ဟု ပြောသည်။ ယခုလက်ရှိ ပြည်တွင်း၌ နည်းပညာဆိုင်ရာပစ္စည်းများအား တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ဝယ်ယူနိုင်သောနေရာများမှာ မြန်မာနိုင်ငံကွန်ပျူတာအသင်းများမှ အလှည့်ကျပြုလုပ်ပေးနေသော သတင်းအချက်အလက်နှင့်နည်းပညာပြပွဲ ရက်သတ္တပတ်ပြပွဲများတွင်သာ ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးဖြစ်လာမည့် ဈေးဝယ်စင်တာ (IT Mall)ဟူ၍ တည်ဆောက်နေဆဲစင်တာအချို့ရှိနေပြီး လတ်တလောအချိန်အထိတွင်မူ မည်သည့် ပထမဆုံးအိုင်တီမောလ်မျှ ပြည့်စုံမှုမရှိသေးကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၂၄ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

။

## ယွမ်ငွေနှုန်းရှင်အခြေအနေ ပြည်တွင်းဈေးကွက်ကိုချက်ချင်းမသက်ရောက်နိုင်

အခုအခါ တရုတ်ယွမ်ငွေနဲ့ အမေရိကန်ဒေါ်လာလဲလှယ်နှုန်းထားကို ပုံသေမဟုတ်တော့ဘဲ နှုန်းရှင်ဖြစ်လာမယ့် အခြေအနေဟာ ပြည်တွင်းဈေးကွက်ကို ချက်ချင်းအကျိုးသက်ရောက်မှာမဟုတ်ဘူးလို့ကုန်သည်လုပ်ငန်းရှင်အချို့ကသုံးသပ်ပါတယ်။ မန္တလေးကုန်စည်ဒိုင်ဒုတိယ ဥက္ကဋ္ဌဦးကိုကြီးက 'လောလောဆယ်တော့ ဘာပြောင်းမလဲ လိုက်ကြည့်နေတုန်းပဲ၊ နယ်စပ်ကုန်သည်တွေပြောတာတော့ချက်ချင်းဝှန်းဒိုင်းဆိုပြီးပြောင်းလဲမှာမဟုတ်ဘူး၊ ဖြည်းဖြည်းချင်းမှ အကျိုးသက်ရောက်လာနိုင်မှာပါ' လို့တယ်လီဖုန်းနဲ့ ပြောပါတယ်။တရုတ်ယွမ်ငွေနဲ့မြန်မာကျပ်ငွေလဲလှယ် နှုန်းထားက ယနေ့မှာကျပ် ၁၀၀ကို .၆၆၈နဲ့ .၆၆၉ ယွမ်ဝန်းကျင်ဖြစ်ပါတယ်။ ရန်ကုန်က စက္ကူလုပ်ငန်းရှင်တစ်ဦးက တော့ 'ယွမ်ငွေလဲနှုန်း နှုန်းရှင်ဖြစ်မယ်ဆိုတာ သူတို့( တရုတ်) ရဲ့ အိတ်စပို့ဈေးကွက်နဲ့ ပိုဆိုင်မယ်ထင်တယ်' လို့ဆိုပါတယ်။ ယွမ်ငွေနဲ့ အမေရိကန်ဒေါ်လာလဲလှယ်နှုန်းကို ပုံသေမထားဘဲ အပြောင်းအလဲလုပ်ဖို့တရုတ်ဗဟိုဘဏ်က ဇွန်လ ၂၁ရက်မှာ ပြောကြားကြောင်း အင်တာနက်သတင်းအချို့မှာ တွေ့ရတယ်။ ယနေ့ဇွန်လ ၂၂ ရက်မှာ ယွမ်ငွေနဲ့ အမေရိကန်ဒေါ်လာလဲလှယ်မှု ပုံသထားတာကိုဖြုတ်ပယ်လိုက်တဲ့သတင်း အချို့အင်တာနက်မှာထပ်မံတက်လာတယ်။ ကုမ္ပဏီကြီးတစ်ခုရဲ့ မန်နေးဂျင်းဒါရိုက်တာလုပ်ငန်းရှင်တစ်ဦးက 'ကျွန်တော်သိရသလောက်ကတော့ယွမ်ငွေကိုနှုန်းရှင်သတ်မှတ်မယ်လို့ ယတိပြတ်ပြောတာမတွေ့ရသေးဘူး။ flexible (အလျှော့အတင်း) ရှိမယ့်သဘောပဲ၊ ပြည်တွင်းမှာတော့ ချက်ချင်းမသက်ရောက်နိုင်ဘူးလို့ထင်တယ်၊ဖြစ်လာခဲ့ရင်တော့ တရုတ်ပစ္စည်းတွေဒီမှာ ဈေးနည်းနည်းကြီးလာနိုင်ပါတယ်လို့ သူ့အမြင်ပြောပါတယ်။လတ်တလောမှာတရုတ်ယွမ်ငွေနဲ့အမေရိကန်ဒေါ်လာလဲလှယ်နှုန်းထားကတစ်ဒေါ်လာကို ၆.၇ ယွမ်ဝန်းကျင်ရှိကြောင်းသိရတယ်။ ငွေကြေးဈေးကွက်ကျွမ်းကျင်သူတစ်ဦးက 'တရုတ်နဲ့ ရောင်းဝယ်နေတဲ့ ပြည်တွင်းကုန်သည်တွေ အတွက်ပိုကောင်းလာနိုင်ပါတယ်၊ မျှမျှတတဖြစ်လာနိုင်တယ်'လို့ဆိုပါတယ်။ တရုတ်နိုင်ငံက ပြီးခဲ့တဲ့ဧပြီလကုန်အထိ မြန်မာမှာရင်းနှီးမြှုပ်နှံမှုဟာ နံပါတ်လေးနေရာမှာရှိနေပြီး ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၃၃.၉၃သန်းဖြစ်ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့ CSO ရဲ့စာရင်းမှာတွေ့ရကြောင်း ၂၀၁၀ခုနှစ် ဇွန်လ၂၅ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်သစ်များ ရှာဖွေဖော်ထုတ်မှုကို ရုရှားနိုင်ငံအပါအဝင် ပြည်ပကုမ္ပဏီများ အကျိုးတူဆောင်ရွက်နေ ရတနာနှင့် ရဲတံခွန်သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ် သဘာဝဓာတ်ငွေ့ကုဗသန်းတစ်ထောင်ကျော် ထုတ်ယူရောင်းချလျက်ရှိ

မြန်မာနိုင်ငံတွင် ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့များ ထုတ်ယူရန် လုပ်ကွက်သစ်များ ရှာဖွေဖော်ထုတ်ခြင်းကို ရုရှား၊ တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယားနိုင်ငံတို့အပြင် အာဆီယံဒေသတွင်း နိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံတို့နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။လက်ရှိတွင်ကမ်းလွန်သဘာဝဓာတ်ငွေ့မြေများဖြစ်သည့် မုတ္တမကမ်းလွန်ပင်လယ်ပြင်မှရတနာသဘာဝဓာတ်ငွေ့မြေနှင့်တနင်္သာရီကမ်းလွန်ပင်လယ်ပြင်ရှိရဲတံခွန်သဘာဝဓာတ်ငွေ့မြေမှနေ့စဉ်သဘာဝဓာတ်ငွေ့ကုဗသန်းပေါင်းထောင်ကျော်ခန့် ကို ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ကမ်းလွန်ရေနံမြေသစ်များကို တိုးချဲ့ရှာဖွေရာတွင် ရခိုင်ကမ်းလွန်ပင်လယ်ပြင်၊ မုတ္တမကမ်းလွန် ပင်လယ်ပြင်၊ တနင်္သာရီကမ်းလွန် ပင်လယ်ပြင်များတွင် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့မှကုမ္ပဏီများနှင့်စွမ်းအင်ဝန်ကြီးဌာန၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မုတ္တမကမ်းလွန် ပင်လယ်ပြင်တွင် လက်ရှိအနေဖြင့် ရတနာသဘာဝ ဓာတ်ငွေ့စီမံကိန်းကိုပြင်သစ်နိုင်ငံတိုတယ်ရေနံကုမ္ပဏီ၊ အမေရိကန်နိုင်ငံ ယူနိုကယ်ကုမ္ပဏီ၊ ထိုင်းနိုင်ငံ PTTEPI ကုမ္ပဏီတို့က လာရောက် ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းများ ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။ မုတ္တမကမ်းလွန်ပင်လယ်ပြင်တွင် ဇောတိကကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ တနင်္သာရီ ကမ်းလွန်ပင်လယ်ပြင်တွင် ရဲတံခွန် သဘာဝဓာတ်ငွေ့စီမံကိန်းကို မလေးရှားနိုင်ငံမှ ပက်ထရိုနပ်ကုမ္ပဏီ၊ ဂျပန်နိုင်ငံမှ နိပွန်ကုမ္ပဏီ၊ ထိုင်းနိုင်ငံမှ PTTEPI ကုမ္ပဏီတို့က ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ယင်းအပြင်ရခိုင်ကမ်းလွန်ပင်လယ်ပြင်တွင်လည်း ရွှေသဘာဝ ဓာတ်ငွေ့စီမံကိန်းကို တောင်ကိုရီးယားနိုင်ငံမှ ဒေဝူးကုမ္ပဏီနှင့် ကိုရီးယား ဂက်စ်ကုမ္ပဏီ၊ အိန္ဒိယနိုင်ငံမှ ONGC Videsh ကုမ္ပဏီနှင့်GAIL ကုမ္ပဏီတို့က ရင်းနှီးမြှုပ်နှံဆောင် ရွက်နေသည်ဟု သိရသည်။ အဆိုပါ ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို ၂၀၁၃ ခုနှစ်တွင် ပြည်ပနိုင်ငံများသို့ ရောင်းချသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၂၅ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၂၄ရက်နေ့မှ ၃၀ရက်နေ့အထိ)

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ပါသည်။

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် ၂၁၀ စင်တီမီတာ(ခုနစ်ပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ(ငါးပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၂၀ စင်တီမီတာ(လေးပေခန့်)လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၂၄၀ စင်တီမီတာ(ရှစ်ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၈၀ စင်တီမီတာ (လေးပေခန့်)လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## တရုတ်နိုင်ငံအတွင်းရှိ တိုယိုတာမော်တော်ကားစက်ရုံ ပိတ်သိမ်း

တရုတ်နိုင်ငံတွင် တိုယိုတာကုမ္ပဏီ၏ အကြီးဆုံး မော်တော်ကားတပ်ဆင်ထုတ်လုပ်ရေးစက်ရုံကို သောကြာနေ့ကပိတ်သိမ်းခဲ့သည်ဟုသက်ဆိုင်ရာမှ ပြောကြားသည်။တရုတ်နိုင်ငံအတွင်းရှိ တိုယိုတာမော်တော်ကားအစိတ်အပိုင်းများ ထုတ်လုပ်သော စက်ရုံတွင် လုပ်ခလစာနှင့် ပတ်သက်၍ သပိတ်မှောက်ကြပြီးလျှင် ကုန်ပစ္စည်းထုတ်လုပ်မှုရပ်ဆိုင်းသွားသောကြောင့်ဖြစ်သည်။ ၎င်းစက်ရုံသည် တရုတ်နိုင်ငံမြောက်ပိုင်းတွင်ရှိသော တီအန်ဂျင်တိုယိုးတားဂိုစေး စက်ရုံဖြစ်သည်။ သောကြာနေ့ နေ့လည်ပိုင်းမှစ၍ တီအန်ဂျင် FAW တိုယိုတာ မော်တော်ကားစက်ရုံ၏ တပ်ဆင်ထုတ်လုပ်ရေး လိုင်းသုံးလိုင်းလုံး ပိတ်ထားခဲ့ရသည်။ တရုတ်နိုင်ငံတွင် အကြီးဆုံးသော ဖက်စပ်လုပ်ငန်းဖြစ်၍ ဝန်ထမ်း ၁၂၀၀၀ကျော်ရှိသည်။ ဟွန်ဒါစက်ရုံတွင်လည်း သပိတ်မှောက်မှုများဖြစ်ပွားခဲ့သည်။ ဟွန်ဒါက ဝန်ထမ်းများ၏ လစာကို ၂၄ရာခိုင်နှုန်းတိုးပေးရန် ဆုံးဖြတ်ခဲ့သည်။ (အေအက်ဖ်ပီ)

## ကာဂျစ္စတန် ဒုက္ခသည်များအတွက် ကုလသမဂ္ဂမှ ရန်ပုံငွေထောက်ပံ့ရန် မေတ္တာရပ်ခံ

ကာဂျစ္စတန်တောင်ပိုင်းတွင် လူမျိုးရေး ပဋိပက္ခများကြောင့် လူတစ်သန်းခန့် အတိဒုက္ခ ရောက်ကြရသည်။ ၎င်းအနက် လေသိန်းခန့်သည် အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ဒုစဘက်လူမျိုး တစ်သိန်းခန့် နိုင်ငံဖြတ်ကျော်ထွက်ပြေးခဲ့ကြသည်။ နေရာအနှံ့တွင် လုယက်မှုများ၊ မီးရှို့မှုများ၊ လိင်အကြမ်းဖက်မှုများ၊ အခြေခံအဆောက်အအုံများ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ လောလောဆယ်တွင် စားနပ်ရိက္ခာ မလုံလောက်သည့်အပြင် ပစ္စည်းများ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းရန် အခက်အခဲများလည်း ရှိခဲ့သည်။ ထို့ကြောင့် ကုလသမဂ္ဂဒုက္ခသည်များ ရုံးမှ ကာဂျစ္စတန်ဒုက္ခသည်များကို ကူညီကယ်ဆယ်ရန် အရေးပေါ်ရန်ပုံငွေ ဒေါ်လာ ၇၁သန်း ပေးလှူကြရန် နိုင်ငံအသီးသီးတို့ခံ မေတ္တာရပ်ခံခဲ့သည်။(ဘီဘီစီ)

## ဂါဇာပိတ်ဆို့မှု အစ္စရေးလျှော့ပေါ့

ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ လူသုံးကုန်ပစ္စည်းများကို တင်သွင်းခွင့် ပြုမည်ဖြစ်သော်လည်း လက်နက်ခဲယမ်းများနှင့် အကြမ်းဖက်မှုအတွက် သွယ်ဝိုက် သုံးစွဲနိုင်သောပစ္စည်းများ ဝင်ရောက်ခြင်းကိုမူ ပိတ်ပင်သွားမည်ဟု အစ္စရေးအစိုးရက ကြာသပတေးနေ့က ထုတ်ပြန်ကြေညာသည်။ အဆိုပါခွင့်ပြုချက်ကြောင့် ဂါဇာဒေသရှိ ပါလစ္စတိုင်းတို့၏ နေထိုင်မှုအခြေအနေများ များစွာအဆင်ပြေချောမွေ့မည်ဖြစ်သဖြင့် ယခုကဲ့သို့ လိုက်လျောခွင့်ပြုခြင်းကို အမေရိကန်အစိုးရက ကြိုဆိုကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဂါဇာဒေသသို့လူသုံးကုန်ပစ္စည်းများ ပေးပို့လိုသူများသည် သတ်မှတ်ထားသောလမ်းကြောင်းများအတိုင်း လိုအပ်သော စစ်ဆေးမှုများ ခံယူပြီးနောက် ကုန်းတွင်းလမ်းကြောင်းမှ တင်ပို့နိုင်မည်ဖြစ်သည်။ထို့ကြောင့် အဖွဲ့အစည်း အသီးသီးသည် ဂါဇာဒေသပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် တာဝန်ရှိရှိ ဆောင်ရွက်ကြရန် အစ္စရေးအစိုးရကတိုက်တွန်းနိုးဆော်ထားသည်။အမေရိကန်သမ္မတသည် ဇူလိုင်လတွင် အစ္စရေးဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နောက်ထပ် ခြေလှမ်းသစ်များအတွက် ဆွေးနွေးသွားမည်ဟု သိရှိရသည်။ (အေအက်ဖ်ပီ)

## အီရန် ပါကစ္စတန် ပိုက်လိုင်းသွယ်တန်းရေးကိစ္စ အမေရိကန်သတိပေး

အီရန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် လွန်ခဲ့သောအပတ်က အီရန်နိုင်ငံမှ ဓာတ်ငွေ့များရောင်းချရန်အတွက် ပိုက်လိုင်းသွယ်တန်းရေးကိစ္စကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ မူလစီမံကိန်းတွင် အိန္ဒိယနိုင်ငံပါဝင်သော်လည်း နောက်ပိုင်းတွင် အိန္ဒိယက နောက်ဆုတ်သွားခဲ့သည်။ အဆိုပါ ပိုက်လိုင်းသွယ်တန်းရေးကိစ္စကို အမေရိကန်နိုင်ငံက သတိပေး ဝေဖန်ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံသည် အီရန်နိုင်ငံအား စီးပွားရေးပိတ်ဆို့မှုနှင့် ပတ်သက်သော ဥပဒေကြမ်းတစ်ရပ်ကို ရေးဆွဲလျက်ရှိရာ ၎င်းဥပဒေသည် ဖော်ပြပါ ရေနံပိုက်လိုင်းဆက်သွယ်မှုတွင် အကျိုးသက်ရောက်မှုရှိနိုင်သဖြင့် ပါကစ္စတန်တို့အနေဖြင့် အီရန်နှင့် အလွန်အကျွံပတ်သက်ခြင်းမပြုရန် သတိပေးခဲ့ခြင်းဖြစ်သည်။ အီရန်နိုင်ငံသည် လောလောဆယ်တွင် နိုင်ငံတောင်ပိုင်းမှ အဆာလူရေးမြို့အထိ ၅၆၄မိုင်အရှည်ကို ပိုက်လိုင်းသွယ်တန်းထားပြီးဖြစ်သည်။ (အေအက်ဖ်ပီ)

## တရုတ်ယွမ်ငွေ လဲလှယ်နှုန်းကို ပိုမိုပျော့ပြောင်းစွာထားရှိ

တရုတ်နိုင်ငံသည် နိုင်ငံသုံးငွေကြေး ယွမ်၏ လဲလှယ်နှုန်းထားကို ပိုမိုလွတ်လပ်ပျော့ပြောင်းစွာ ရွေ့လျားခွင့်ပြုရန် ဆုံးဖြတ်ခဲ့သည်။ တရုတ်စီးပွားရေးသည် အလွန်အင်အားကောင်း၍ တရစပ်ချဲ့ထွင်နေသဖြင့် ကုန်သွယ်ရေးပိုငွေ အများအပြား ဖြစ်ပေါ်လျက်ရှိသည်။ ၎င်း၏ ငွေကြေးအား ထိန်းချုပ်မှုလျှော့လိုက်သဖြင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ပြန်လည်ရှင်သန်မှုကို အထောက်အကူပြုမည်ဖြစ်သည်။ ၎င်းအပြင် တရုတ်နိုင်ငံ စီးပွားရေးမူဝါဒသည်လည်း အခြားသောနိုင်ငံများ၏ စီးပွားရေးအခြေခံမှုများနှင့် ညှိနှိုင်းပေးရာရောက်သည်။ ထိုမျှသာမက တရုတ်ငွေကြေးအင်အားကောင်းလာသည်နှင့်အတူ ထိုင်းနိုင်ငံအပါအဝင် ဒေသတွင်းရှိ နိုင်ငံများ၏ ငွေကြေးများလည်း လိုက်လျောညီထွေ အားကောင်းလာမည်ဖြစ်သည်။ အာရှနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများသည် တရုတ်နိုင်ငံတွင်းသို့ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ကြမည်ဖြစ်၍ ကုန်သွယ်ရေးမမျှတမှုလည်း လျော့ပါးသွားမည်ဖြစ်သည်။ တရုတ်အစိုးရ၏ ဆုံးဖြတ်ချက်အပေါ် နိုင်ငံတကာမှ ကောင်းသောလုပ်ရပ်အဖြစ် ချီးကျူးပြောဆိုကြသည်။ အမေရိကန်သမ္မတက ယင်းဆောင်ရွက်ချက်သည် ကမ္ဘာ့စီးပွားရေး ရှင်သန်လာမှုအတွက် ကောင်းသောခြေလှမ်းဖြစ်၍ အနာဂတ်တွင် မျှတသော ကမ္ဘာ့စီးပွားရေးကြီး ဖြစ်ထွန်းလာရေးအတွက် အထောက်အကူပြုမည်ဟု ပြောဆိုသည်။ အဆိုပါဆုံးဖြတ်ချက်ကြောင့် ယွမ်ငွေကြေးသည် ငါးနှစ်အတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိခဲ့သည်။ (ဆင်ဟွာ)

## ဘီလာရုဇ်သို့ သဘာဝဓါတ်ငွေ့ ပို့လွှတ်မှု ဖြတ်တောက်ပစ်ရန် ရုရှားသမ္မတ အမိန့်ထုတ်ပြန်

ဘီလာရုဇ်နိုင်ငံသို့ သဘာဝဓါတ်ငွေ့ပို့လွှတ်မှုကို ဖြတ်တောက်ပစ်ရန် ရုရှားဂတ်စ်ပရွန် သဘာဝဓါတ်ငွေ့ ကုမ္ပဏီအား ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က အမိန့်ထုတ်ပြန်ခဲ့သည်ဟု ဂတ်စ်ပရွန်ကုမ္ပဏီဥက္ကဋ္ဌ အလက်ဇီမီလာက ဇွန် ၂၁ ရက်နေ့က ပြောကြားခဲ့သည်။ ရုရှားအစိုးရထံ သဘာဝဓါတ်ငွေ့တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၀၀ ပေးဆောင်ရန် ဘီလာရုဇ်အစိုးရက ပျက်ကွက်ခဲ့ပြီးနောက် ယင်းကဲ့သို့ အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ရုရှားဂတ်စ်ပရွန်ကုမ္ပဏီအနေဖြင့် သဘာဝဓါတ်ငွေ့ ၈၅% ကျော်ကို ဘီလာရုဇ်နိုင်ငံအတွင်းသို့ ပို့လွှတ်မှု ထိခိုက်တော့မည်ဖြစ်သည်။ တချိန်တည်းမှာပင် ပေးဆပ်ရန်ရှိသော ကြွေးမြီများကို အချိုးကျပြန်လည်ပေးဆပ်ရေးနှင့် စပ်လျဉ်း၍ ဘီလာရုဇ်အစိုးရနှင့် ဆက်လက်ဆွေးနွေးရန် သမ္မတက အမိန့်ထုတ်ပြန်ခဲ့သည်ဟု ဂတ်စ်ပရွန်ကုမ္ပဏီက ပြောကြားသည်။ (ဆင်ဟွာ)

## အီရန်နှင့် ဓါတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး ပါကစ္စတန်က ဆက်လက်ဆောင်ရွက်

အီရန်နိုင်ငံသည် ပါကစ္စတန်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်အပေါ် သုံးသပ်ပြီးနောက် ပါကစ္စတန်အစိုးရက အီရန်နှင့် ဓါတ်ငွေ့ပိုက်လိုင်းသစ် သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များအား ပြောကြားခဲ့သည်။ အီရန်-ပါကစ္စတန်ဓါတ်ငွေ့ပိုက်လိုင်း သဘောတူညီချက်သည် ပါကစ္စတန်နိုင်ငံ၏ အကျိုးအတွက်ဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်မှာ အီရန်အပေါ် အရေးယူပိတ်ဆို့ပြီးနောက်မှ ပြုလုပ်သည့် ဆောင်ရွက်မှု မဟုတ်ကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။ (အင်တာနက်)

## ဂျီ-၂၀ အစည်းအဝေး၌ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု အလေးထားဆွေးနွေးရန် ကုလတိုက်တွန်း

ဂျီ-၂၀ ခေါင်းဆောင်များအနေဖြင့် လာမည့်ထိပ်သီးအစည်းအဝေး၌ ပြန်လည်ဦးမော့လာမည့် ကမ္ဘာ့စီးပွားရေးအခြေအနေကို ဆက်လက်ဖွံ့ဖြိုးတိုးတက်လာရေးနှင့်စပ်လျဉ်း၍ အလေးထားဆွေးနွေးသွားကြစေလိုကြောင်း ကုလအတွင်းရေးမှူးချုပ်က တိုက်တွန်းလိုက်သည်။ မိမိတို့အနေဖြင့် အတွေ့အကြုံများအပေါ်အခြေခံပြီးပြန်လည်ဦးမော့လာသည့်ကမ္ဘာ့စီးပွားရေးအခြေအနေတိုးတက်မှုအတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားရမည်ဖြစ်ပြီး တောင့်တင်း၍ ရေရှည်ခိုင်မာသည့် ဘက်စုံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက်အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ကုလအတွင်းရေးမှူးချုပ်ကဆိုသည်။ (အေအက်ဖ်ပီ)

## အီရတ်နှင့် အာဖဂန်စစ်အသုံးစရိတ် ဗြိတိန် ပေါင် ၂၀ ဘီလီယံသုံးစွဲနေရ

၂၀၀၁ ခုနှစ် ဧပြီလကတည်းကအီရတ်နိုင်ငံနှင့်အာဖဂန်နစ္စတန်နိုင်ငံတို့၌ဖြစ်ပွားခဲ့သည့်ပြည်တွင်းစစ်ပွဲများဒဏ်ကြောင့်တိုက်ခိုက်ရေးလုပ်ငန်းများနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဗြိတိန်နိုင်ငံ ပေါင် ၂၀ ဘီလီယံကျော် ပေးရကြောင်း အစိုးရအဖွဲ့က ထုတ်ဖော်ပြောကြားသည်။ ထိုအသုံးစရိတ်မျများတွင် ဗြိတိန်တပ်ဖွဲ့ဝင်များ၏ လစာစရိတ်နှင့် ဒဏ်ရာရရှိသူများအား ဆေးဝါးကုသစရိတ်များ မပါဝင်ပေ။ အာဖဂန်အခြေစိုက်စခန်းများ၌ ဗြိတိန်တပ်ဖွဲ့ဝင်ပေါင်း ၁၀၀၀၀ အား တပ်ဖြန့်ချထားလျက်ရှိကြောင့် ကုန်ကျစရိတ်များ ဆက်လက်မြင့်တက်လာနိုင်သည်ဟု ပြည်နယ်မီဒီယာများက သတင်းထုတ်ပြန်သည်။ သို့ဖြစ်ရာ အာဖဂန်နစ္စတန်မှ ဗြိတိသျှတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေးအတွက် ဝန်ကြီးရုံးအပြင်ဘက်၌ ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပေါ်လာနိုင်သည်ဟု အဆိုပါဌာနက သတင်းထုတ်ပြန်သည်။ (အင်တာနက်)

## သြစတြေးလျနိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ကျမ်းသစ္စာကြိမ်ဆို

သြစတြေးလျနိုင်ငံတွင် ပထမဦးဆုံးသော အမျိုးသမီးဝန်ကြီးချုပ်အဖြစ် လေဘာပါတီခေါင်းဆောင် ဂျူလီယာဂီးလတ်က ကြာသပတေးနေ့တွင် ကျမ်းသစ္စာကြိမ်ဆိုခဲ့သည်။ သတ္တုတွင်း လုပ်ငန်းကဏ္ဍတွင် အခွန်များတိုးကောက်ရေးနှင့် ပတ်သက်၍ ယခင်ဝန်ကြီးချုပ်ဟောင်း ကီဘင်ရပ်အား ထောက်ခံမှု ကျဆင်းခဲ့သည်။ ကြာသပတေးနေ့က လေဘာပါတီ စည်းဝေးပွဲတွင် ပါတီခေါင်းဆောင်အဖြစ် မစ္စတာရပ်က နှုတ်ထွက်သွားခဲ့ရာ ဒုတိယခေါင်းဆောင် မစ္စဂီးလတ်က ခေါင်းဆောင်ဖြစ်လာခဲ့သည်။ ထို့ကြောင့် ဝန်ကြီးချုပ်တာဝန်ကို အလိုအလျောက် ထမ်းဆောင်ရသည်။ ဝန်ကြီးချုပ်သစ်က အမေရိကန်သမ္မတထံ ဖုန်းဆက်၍ အာဖဂန်စစ်ဆင်ရေးကို အပြည့်အဝထောက်ခံကြောင်း ပြောကြားခဲ့သည်။ ၎င်းပြင် အမေရိကန်နိုင်ငံနှင့် ဘက်စုံဆက်ဆံရေးများ တိုးမြှင့်စေလိုသည့်အပြင် သြစတြေးလျ၊ နယူးဇီလန်နှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးတွဲဖွဲ့စည်းထားသော (ANZUS) မဟာမိတ်အဖွဲ့အား ပြောင်းလဲရန်မရှိကြောင်း ထုတ်ဖော်ပြောဆိုသည်။ (ဆင်ဟွာ)

## ရုရှား - အမေရိကန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး တိုးချဲ့မည်

အမေရိကန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ရုရှားနိုင်ငံ သမ္မတ မစ္စတာမက်ဗီဒက်သည် ကြာသပတေးနေ့က သမ္မတအိုဘားမားနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးများကို အသစ်ပြန်လည်စတင်ရန်နှင့် တိုးချဲ့ရန် သဘောတူညီခဲ့ကြသည်။ ဤသို့ဖြင့် နှစ်နိုင်ငံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လက်တွဲဆောင်ရွက်ကြရန်ဖြစ်သည်။ စစ်အေးကာလနောက်ပိုင်းတွင် နှစ်နိုင်ငံဆက်ဆံရေးသည် လုံခြုံရေးနှင့် လက်နက်ထိန်းချုပ်ရေး ကိစ္စများတွင်သာ တဝဲလည်လည်ဖြစ်ခဲ့သည်။ ယခုအချိန်တွင် နှစ်နိုင်ငံ ပူးတွဲ၍ ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ရန် အချိန်ဖြစ်သည်ဟု သမ္မတက ပြောဆိုသည်။ ဆွေးနွေးပွဲတွင် အနုမြူလက်နက်များ မပြန့်ပွားရေး လျှော့ချရေးများအပြင် ကာဂျစ္စတန်အခြေအနေ အရှေ့အလယ်ပိုင်းနှင့် ကိုရီးယားကျွန်းဆွယ်ကိစ္စများ ပါဝင်ခဲ့သည်။ သို့သော်လည်း ယခုတစ်ကြိမ်ဆွေးနွေးပွဲ၏ ထိပ်တန်းဦးစားပေးအစီအစဉ်မှာ စီးပွားရေးဖွံ့ဖြိုးမှုဖြစ်သည်။ ရုရှားနိုင်ငံ WTOသို့ ဝင်ရောက်ရေးကို အမေရိကန်နိုင်ငံက အပြည့်အဝထောက်ခံကြောင်း မစ္စတာအိုဘားမားကပြောဆိုသည်။ (ဆင်ဟွာ)

## အာဖဂန်နိုင်ငံ စစ်မြေပြင်တပ်မှူး မက်ခရစ္စတယ်နေရာတွင် ဗိုလ်ချုပ်ကြီး ပေးထရီယက် တာဝန်ယူထမ်းဆောင်မည်

အမေရိကန်သမ္မတ အိုဘားမားသည် ဒုသမ္မတ၊ ကာကွယ်ရေးဝန်ကြီး၊ စစ်ဦးစီးချုပ် စသူတို့နှင့် ဗုဒ္ဓဟူးနေ့က ၁နာရီကြာမျှ ဆွေးနွေးညှိနှိုင်းပြီးနောက် အာဖဂန်စစ်မြေပြင်တပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီး မက်ခရစ္စတယ်၏ နှုတ်ထွက်လွှာကို လက်ခံကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်း၏နေရာတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှူး ဗိုလ်ချုပ်ကြီး ဒေးဗစ်ပေးထရီယက်အား အစားထိုးခန့်ထားရန် ကွန်ဂရက်သို့ အဆိုပြုတင်ပြမည်ဟု သိရှိရသည်။ လွန်ခဲ့သောရက်ပိုင်းအတွင်းက ဗိုလ်ချုပ်ကြီး မက်ခရစ္စတယ်သည်အုပ်ချုပ်ရေးပိုင်းမှ အထက်အရာရှိကြီးများအား ထိခိုက်နိုင်သည့် ပြောဆိုသုံးနှုန်းမှုများ ပြုလုပ်ခဲ့သည်။ ဗိုလ်ချုပ်ကြီး ပေးထရီယက်သည် သမ္မတဟောင်း ဘုရှ်လက်ထက်တွင် အီရတ်နိုင်ငံ စစ်မြေပြင်တပ်မှူးဖြစ်ခဲ့သည်။ (ဆင်ဟွာ)

# သတင်းအတို

## နေပြည်တော်အောင်ချက် ၂၆ရာခိုင်နှုန်းကျော်ရှိ

နေပြည်တော်ခရိုင် ယခုနှစ် တက္ကသိုလ်သင်တန်းအောင်ချက်မှာ ၂၆ဒသမ ၆၈ရာခိုင်နှုန်းရှိကြောင်း ယခုလ ၁၃ရက်နေ့က အခြေခံပညာအထက်တန်းကျောင်းများ၌ ထုတ်ပြန်သော အောင်စာရင်းကြေညာချက်အရသိရသည်။ ဖြေဆိုသူ ၁၁,၇၀၀ကျော်အနက် ၃,၁၀၀ကျော်အောင်ပြီး ဘာသာစုံဂုဏ်ထူးရှင် ရှစ်ဦးပေါ်ထွက်ခဲ့သည်။ ခရိုင်တွင်း မြို့နယ်များတွင် တစ်ဘာသာဂုဏ်ထူးရှင်အများဆုံးမြို့နယ်မှာ ပျဉ်းမနားမြို့နယ်ဖြစ်ပြီး ခြောက်ဘာသာ ဂုဏ်ထူးရှင်အများဆုံးမှာ နေပြည်တော်မှ ထွက်ရှိခဲ့သည်။ ပျဉ်းမနားမြို့နယ်တွင် ဖြေဆိုသူဦးရေ ၄,၅၀၀ကျော်အနက် ၁,၂၀၀ကျော်အောင်မြင်ပြီး ဂုဏ်ထူးရှင် ၄၆ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးလယ်ဝေးမြို့နယ်ဖြေဆိုသူ ၃,၀၀၁ ဦးအနက် ၇၆၀ဦးခန့်သာအောင်မြင်ခဲ့သည်။ အောင်ချက်မှာ ၂၅ဒသမ ၃၆ရာခိုင်နှုန်း ရှိခဲ့ပြီး ခြောက်ဘာသာတစ်ဦး အပါအဝင် ဂုဏ်ထူးရှင် ၁၀၄ဦးထွက်ရှိခဲ့သည်။ တပ်ကုန်းမြို့နယ်မှ ဖြေဆိုသူ ၂,၁၀၀ကျော်တွင် ၄၅၀ခန့် သာအောင်၍ သုံးဘာသာ တစ်ဦး၊ နှစ်ဘာသာငါးဦး နှင့် တစ်ဘာသာ ၃၁ဦးထွက်ခဲ့သည်။ နေပြည်တော်မြို့နယ်များမှ ဖြေဆိုသူအရေအတွက်မှာ စုစုပေါင်း ၂,၀၀၀ကျော်ရှိကာ ၆၇၀ကျော်အောင်မြင်ပြီး ခြောက်ဘာသာ ဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာနှင့် လေးဘာသာ နှစ်ဦးစီနှင့် သုံးဘာသာ ၁၁ဦး ၊ နှစ်ဘာသာ ၁၇ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၈၁ဦးတို့ပါဝင်ခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၈ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဘင်္ဂလားဒေ့ရှ်-မြန်မာ-တရုတ် ကားလမ်းစီမံကိန်း အကောင်အထည်ဖော်ရန် တရုတ်သဘောတူ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အဆိုပြုထားသည့် ဘင်္ဂလားဒေ့ရှ်-မြန်မာ-တရုတ် ကားလမ်းစီမံကိန်း အကောင်အထည်ဖော်ရေး အဆိုပြုချက်ကို သဘောတူ လိုက်ပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာက ကြေညာသည်။ ဝန်ကြီးချုပ်ဟာဆီနာအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရုတ်ဒုတိယသမ္မတ Xi Jinping တရားဝင် လာရောက်လည်ပတ်သွားပြီးနောက် ဇွန်လ ၁၆ရက်နေ့က ကျင်းပသည့် ဘင်္ဂလားဒေ့ရှ်ပါလီမန် အစည်းအဝေးတွင် အထက်ပါအတိုင်း သတင်းထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်လည်းကောင်း၊ တရုတ်နိုင်ငံနှင့် အထွေထွေဆက်ဆံရေးကောင်းမွန်နေစေရန်လည်းကောင်း ကြိုးပမ်းလျက်ရှိရာ ဘင်္ဂလားဒေ့ရှ်-မြန်မာ ကားလမ်းစီမံကိန်းအပြင် ရထားလမ်းဆက်သွယ်ဖောက်လုပ်ရေးကိုပါ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှိတ်ခ်ဟာဆီနာက ဆိုသည်ဟု ၂၀၁၀ခုနှစ် ဇွန်လ ၂၁ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## လျှပ်စစ်မီးမှန်သဖြင့် ဒီဇယ်ဈေးဆက်တိုက်ကျ

မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်မှု၊ စက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေး ဗဟိုအချက်အချာကျရာ ရန်ကုန်မြို့တော်တွင် ဇွန်လဒုတိယပတ်ခန့်မှ စတင်၍ လျှပ်စစ်မီးများ ပုံမှန်နီးပါး ရရှိလာသဖြင့် ဒီဇယ်ဈေးနှုန်းများ ဆက်တိုက်ကျဆင်းခဲ့ကြောင်း ဗဟန်းမြို့နယ်ရှိ ပုဂ္ဂလိကဒီဇယ်၊ ဓါတ်ဆီအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လျှပ်စစ်မီးများ ပြန်လည်ရရှိလာခြင်းကြောင့် မေလမှ စတင်၍ ဒီဇယ်တစ်ပီပါလျှင် ၁၅၉၀၀၀ ကျပ်ခန့်ရှိရာမှ ဇွန်လတတိယပတ်တွင် ဒီဇယ်တစ်ပီပါ တွဲဈေးသည် ၁၃၆၀၀၀ ကျပ်ခန့်သာ ရှိတော့ကြောင်း၊ မိမိတို့၏ တစ်ရက်ရောင်းရသည့် ဒီဇယ်အရေအတွက်မှာလည်း ယခင်တစ်ရက်ပီပါ ၄၀၊ ၅၀ ရောင်းချခဲ့ရာမှ ယခုအခါ တစ်ရက်လျှင် ပီပါနှစ်လုံး၊ သုံးလုံးခန့်သာ ရောင်းချနိုင်တော့ကြောင်း၊ ထို့ပြင် ပုဂ္ဂလိကဓါတ်ဆီ၊ ဒီဇယ်အရောင်းဆိုင်များ ပေါ်လာပြီး ယင်းဆိုင်များမှ ရောင်းချသည့် ဒီဇယ်ဈေးနှုန်းသည် ပြင်ပတွင် ရောင်းချသည့် ဒီဇယ်ဈေးနှုန်းနှင့် တူညီသောကြောင့် မော်တော်ယာဉ်အချို့သည် ပုဂ္ဂလိကဒီဇယ်၊ ဓါတ်ဆီအရောင်းဆိုင်များတွင် ပြောင်းလဲဝယ်ယူလာကြကြောင်း၊ လက်ရှိ ပြင်ပဒီဇယ်၊ ဓါတ်ဆီအရောင်းဆိုင်များတွင် ဒီဇယ်တစ်ဂါလန်လျှင် ၂၈၀၀ ကျပ်နှင့် ဓါတ်ဆီတစ်ဂါလန်လျှင် ၃၀၀၀ ကျပ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၂၁ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ တစ်ရက်လျှင် ငါးနာရီနှုန်းဖြင့် လျှပ်စစ်မီးပြန်ရနေကြောင်းသိရ

လျှပ်စစ်မီးဖြန့်ဖြူးပေးမှု ယာယီရပ်ဆိုင်းခံထားရသည့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ ဇုန်အများစုမှာ ဇွန်လ ၁၇ရက်နေ့မှစ၍ လျှပ်စစ်မီးပြန်လည်ရရှိနေကြောင်း စက်မှုဇုန်များမှ သိရှိရသည်။ စက်မှုဇုန်များအတွင်း အုပ်စုနှစ်စုခွဲကာ တစ်အုပ်စုလျှင် တစ်ရက်ငါးနာရီနှုန်းဖြင့် လျှပ်စစ်မီးပြန်လည် ရရှိနေခြင်းဖြစ်ကြောင်း၊ နံနက် ၇နာရီမှ နေ့လည် ၁၂နာရီအထိ တစ်အုပ်စုနှင့် နေ့လည် ၁၂နာရီမှ ညနေ ၅နာရီထိ တစ်အုပ်စု အလှည့်ကျဖြင့် အပိုင်းနှစ်ပိုင်း ခွဲကာရရှိနေခြင်းဖြစ်ကြောင်း စက်မှုဇုန်တာဝန်ရှိသူများကပြောကြားခဲ့သည်။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေဖြင့် လျှပ်စစ်မရရှိသေးဘဲ ကျန်ရှိနေသေးသည့် စက်မှုဇုန်များရှိပါကလည်း ဇူလိုင်လဒုတိယပတ်အတွင်း စတင်၍ ဓာတ်အားဖြန့်ဖြူးပို့လွှတ်ပေးနိုင်ရန် စီစဉ်ထားကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၂၃ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အမြင်ချို့ယွင်း၍ မျက်စိအနေအထားပျက်ယွင်းနေသော သံဃာနှင့် လူပုဂ္ဂိုလ်များကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မျက်စိတုတပ်ဆင်ပေးသွားမည်

အမြင်ချို့ယွင်း၍ မျက်စိအနေအထားပျက်ယွင်းနေသော သံဃာနှင့် လူပုဂ္ဂိုလ်များကို မျက်စိတုတပ်ဆင်ပေး သွားမည်ဖြစ်ကြောင်း ဇီဝိတဒါနသံဃာ့ဆေးရုံ၏ သွားနှင့်ခံတွင်း ဆိုင်ရာအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဌေးဆောင်ကပြောသည်။ ယင်းကဲ့သို့ မျက်စိအတုတပ်ဆင်ပေးမှုကို ဇီဝိတဒါနသံဃာ့ဆေးရုံမျက်စိကုသရေးဌာနနှင့် သွားတုတပ်ဆင်ရေးဌာနတို့ပူးပေါင်း၍ ယခုလအတွင်း ပြုလုပ်သွားမည်ဖြစ်ရာ ယင်းကဲ့သို့ ပြုလုပ်ရာ၌ သံဃာတော်နှင့် သီလရှင်များကို အခမဲ့ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ လူပုဂ္ဂိုလ်များကို ပစ္စည်းကုန်ကျစရိတ်မျှသာရှိသော ငွေကြေးဖြင့် ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ယင်းကဲ့သို့ မျက်စိအတုပြုလုပ်နည်းကို စိတ်ဝင်တစားသင်ကြားလိုသော မျက်စိဆရာဝန်များနှင့်သွားဆရာဝန်များကိုလည်း သင်ကြားပေးမည်ဖြစ်ကြောင်း ယင်ကဆိုသည်။ မျက်စိအတုတပ်ဆင်ပေးမှုများကို ယခုလမှစတင်၍ အပတ်စဉ်ကြာသပတေးနေ့များတွင် ပြုလုပ်ပေးမည်ဖြစ်ပြီး နောင်တွင် စနေ၊ တနင်္ဂနွေနေ့မှအပ ကျန်သည့် နေ့များတွင်ပါ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၂၂ရက်နေ့ထုတ် Flower News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံစာရင်းကိုင်များအသင်းသင်တန်းဖွင့်မည်

မြန်မာနိုင်ငံစာရင်းကိုင်များအသင်းက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများနှင့် အလုပ်ချိန်မအားလပ်သဖြင့် ပညာသင်ယူရန် အခက်တွေ့နေသူများအတွက် တနင်္ဂနွေနေ့ တစ်ရက်တည်းတက်ရသော အခမဲ့ စာရင်းကိုင်သင်တန်းကို ဇူလိုင် ၄ရက် ( တနင်္ဂနွေနေ့) မှ စတင်၍ တန်းခွဲနှစ်ခုဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ တက်ရောက်လိုသူများသည်

မြန်မာနိုင်ငံစာရင်းကိုင်များအသင်းအမှတ် ၉၁/၉၃(၄၉) လမ်း၊ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ဖုန်း -၀၁-၂၉၁၈၂၆၊ ၀၉-၅၀၁၉၉၇၉၊ ၀၉-၅၁၇၈၁၈၂နှင့် ၀၉ - ၅၄၁၀၉၀၉တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၂၂ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

## ရေထွက်ကုန်ကားများနှင့် သစ်သီးဝလံကားများ အဆင်ပြေစေရန် မန္တလေး ၁၆ မိုင်ဂိတ်ကို ၂၄ နာရီဖွင့်ပေးလိုက်ကြောင်း သိရ

ရေထွက်ကုန်ကားများနှင့် သစ်သီးဝလံကားများ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ အချိန်မီရောက်ရှိစေနိုင်ရန်အတွက် မန္တလေး ၁၆မိုင် ဂိတ်ကို ၂၄ နာရီဖွင့်ပေးလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်သည် တရုတ်နိုင်ငံသို့ တင်ပို့မည့်ပစ္စည်းအများစု ဖြတ်သန်းရသော ကုန်သွယ်ရေးဇုန်ဖြစ်ပြီး ယခုအခါ ရာသီအလိုက်ထွက်ရှိသော သစ်သီးဝလံများနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့နေရကြောင်း သိရသည်။ သို့သော် ကုန်တင်ကားများအနေဖြင့် မန္တလေး ၁၆မိုင်ဂိတ်အား ဖြတ်သန်းရပြီး ယင်းဂိတ်မှာ ယခင်က ည ၈နာရီအထိသာ ဖွင့်ပေးကြောင်း သိရသည်။ "သတ်မှတ်ထားတဲ့ အချိန်တိုင်းအရောက်သွားနိုင်ဖို့ ကုန်သည်တွေဘက်က အမြန်လုပ်ရတာတွေ ရှိတယ်။ ဥပမာ- သရက်သီးဆိုလို့ရှိရင် အစေးစစ်အောင် မစောင့်နိုင်ဘူး။ ချက်ချင်း ပါကင်ထုပ်၊ ချက်ချင်း တင်လိုက်တဲ့အခါ မူဆယ်ရောက်တော့ ကုန်ပစ္စည်းထိခိုက်မှုရှိလို့ ဈေးကောင်းမရတော့ဘူး။ ရေထွက်ပစ္စည်းဆိုရင်လည်း ပုပ်သိုးပစ္စည်းဆိုတော့ ရေခဲတွေအရည်ပျော်ပြီး အရည်အသွေးပိုင်းမှာ ထိခိုက်မှုရှိတဲ့အတွက် အခုလို ၂၄နာရီဖွင့်ပေးလိုက်တာလို့ သိရပါတယ် " ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။ " ည ၈နာရီ ဂိတ်ဖွင့်တဲ့အချိန်အတွင်းရောက်မှ။ ဂိတ်ပိတ်သွားရင် မူဆယ်ကို အချိန်မီမရောက်ဘူး။ ပုပ်သိုးကုန်တွေမို့ ဆုံးရှုံးမှုတွေဖြစ်လို့ ဖွင့်ပေးတာလို့ပြောပါတယ် " ဟုနယ်စပ်ကုန်သည်တစ်ဦးက ပြောပြခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၂၃ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အာရှဒေသတွင်း LCCI ကျောင်းသား အများဆုံးနိုင်ငံစာရင်းတွင် မြန်မာပါဝင်

မြန်မာနိုင်ငံသည် အာရှဒေသတွင်း LCCI စာရင်းကိုင်ဘာသာရပ်လေ့လာသင်ယူသော ကျောင်းသား အများဆုံးနိုင်ငံလေးနိုင်ငံတွင် ပါဝင်နေကြောင်း LCCI အဖွဲ့အစည်း၏ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးမှုမန်နေဂျာ Ms Ng Boon Teen ကပြောသည်။ အာရှဒေသတွင်း LCCI စာရင်းကိုင်ဘာသာရပ်သင်တန်းတက်ရောက်နေသော ကျောင်းသားအများဆုံးရှိသော နိုင်ငံများမှာ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဟောင်ကောင်တို့ဖြစ်ကြောင်း သိရသည်။ " မြန်မာနိုင်ငံက အာရှဒေသတွင်းမှာ တတိယအကြီးဆုံး ဈေးကွက်ဖြစ်လိမ့်မယ်။ တခြားနိုင်ငံတွေနဲ့ စာမေးပွဲကြေးနှိုင်းယှဉ်ရင်လည်း စာမေးပွဲကြေးအသက်သာဆုံးပါပဲ။ တခြားနိုင်ငံတွေမှာ စာမေးပွဲကြေး နှစ်စဉ် ၂ရာခိုင်နှုန်းကနေ ၅ရာခိုင်နှုန်းမြင့်တက်နေပေမယ့် မြန်မာနိုင်ငံမှာ မတက်တာ ၃နှစ်ကျော်ကြာပါပြီ"ဟု အထက်ပါအမျိုးသမီးကပြောသည်။ မြန်မာနိုင်ငံတွင် ၂၀၀၉ခုနှစ်အတွင်း LCCI စာမေးပွဲ ဖြေဆိုသူစံချိန်တင်များပြားခဲ့ပြီး ဖြေဆိုသူ ၁၂,၁၄၈ဦးရှိခဲ့သည်။ စင်ကာပူနိုင်ငံနှင့် ပြည်တွင်းရှိ ကုမ္ပဏီများ၏ ဘဏ္ဍာရေးလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်အတွက် မြန်မာမိန်းကလေးများ စိတ်ဝင်တစား လေ့လာသင်ယူနေကြခြင်းဖြစ်သည်။ LCCI စာမေးပွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် နှစ်စဉ် ဧပြီလ၊ ဇွန်လနှင့် နိုဝင်ဘာလတို့တွင် ကျင်းပလျက်ရှိကြောင်း ၂၀၁၀ခုနှစ်ဇွန်လ ၂၄ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံဖို့ ဗီယက်နမ် စိတ်ဝင်စား

ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်တွေက မြန်မာနိုင်ငံရဲ့ အိမ်ခြံမြေလုပ်ငန်းတွေကို စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံနိုင်ခြေရှိတယ်လို့ အိမ်ခြံမြေအကျိုးဆောင်တချို့ထံမှ သိရပါတယ်။ " UMFCCI မှာ ပြုလုပ်တဲ့ ဆွေးနွေးပွဲမှာ ဗီယက်နမ်လုပ်ငန်းရှင်တွေက သူတို့ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားတဲ့ လုပ်ငန်းတွေကို ဆွေးနွေးကြတယ်။ အိမ်ခြံမြေလုပ်ငန်းလဲ အပါအဝင်ပဲ၊ အဓိကတော့ စက်မှုဇုန်မြေ တွေ အကြောင်းပါ၊ ဒီစီးပွားရေးလုပ်ငန်းထဲဝင်တဲ့အခါ ဘယ်လိုလုပ်ရမလဲ၊ စက်မှုဇုန်မြေတွေ ဝယ်ရမလား၊ ငှားရမလား၊ ဈေးတွေဘယ်လိုရှိသလဲ စုံစုံလင်လင် ဆွေးနွေးခဲ့ပါတယ် " လို့ မြန်မာနိုင်ငံ အိမ်ခြံမြေအသင်း (MREA) ရဲ့ နာယက ဦးသန်းဦးက ပြောပါတယ်။ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင် ဦးသန်းဦးက " ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုပါတယ်၊ မြန်မာနိုင်ငံအိမ်ခြံမြေဈေးကွက်က ပြည်တွင်းမှာ ကျင်လည်တာမျိုးမဟုတ်ဘဲ နိုင်ငံတကာတန်း (standard) ဝင်လာတာပဲ " လို့ သူ့အမြင်ကိုပြောပါတယ်။ မြန်မာနိုင်ငံအိမ်ခြံမြေအသင်း (Myanmar Real Estate Association) ကို UMFCCI ရဲ့ ညီနောင်အသင်းအဖြစ် ပြီးခဲ့တဲ့နှစ် စက်တင်ဘာ ၃၀ရက်နေ့က ဖွဲ့စည်းခဲ့ပါတယ်။ အသင်းအနေနဲ့ သည်လိုနိုင်ငံတကာစီးပွားရေး လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တာ ဒါဟာ ပထမဆုံးအကြိမ်ဖြစ်သည်ဟု ၂၀၁၀ခုနှစ် ဇွန်လ ၂၅ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ခုဖြစ်သော မြန်မာ့ကြယ်ငါးပွင့်သင်္ဘော လုပ်ငန်းက အမြတ်ရရေး ဦးတည်မည်ဟုဆို

ပုဂ္ဂလိကပိုင် ကုမ္ပဏီတစ်ခုဖြစ်သွားသော မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက အကျိုးအမြတ်ရရှိရေးကို ဦးတည်ကာ ဆောင်ရွက်လုပ်ကိုင်သွားမည် ဖြစ်ကြောင်း မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းနှင့်နီးစပ်သူ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါသည်။ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းသည် နိုင်ငံပိုင်လုပ်ငန်းအဖြစ် ပြေးဆွဲစဉ်ကာလက ကမ်းရိုးတန်း ခရီးစဉ်တွင်သာ အရှုံးခံပြေးဆွဲမှုရှိ ခဲ့သော်လည်း ကွန်တိန်နာ လုပ်ငန်းတွင်မူ အကျိုးအမြတ် ရရှိမှုရှိခဲ့သည်။ သို့သော် ကမ္ဘာ့စီးပွားပျက်ကပ် ကြုံတွေ့ပြီးနောက်တွင် သင်္ဘောလုပ်ငန်းမှာ ဆုံးရှုံးမှုများရှိခဲ့ရာ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းသည်လည်း အမြတ်ထက်အရှုံးမခံရရေးကို ဦးတည်လုပ်ဆောင်ခြင်းရှိခဲ့ကြောင်း သိရသည်။ လက်ရှိတွင် ပုဂ္ဂလိကပိုင်ကုမ္ပဏီ အဖြစ်သို့ ပြောင်းလဲပြီးနောက် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှပြေးဆွဲသော ခရီးစဉ်များအားလုံး၌ အကျိုးအမြတ်ရရှိရေးကို ဦးတည်ဆောင်ရွက် လုပ်ကိုင်သွားမည် ဖြစ်ကြောင်း သိရှိ ရသည်။ ပုဂ္ဂလိကပိုင် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ ပြေးဆွဲသည့် ကိုကိုးကျွန်း၊ မြိတ်နှင့်ကော့သောင်း ခရီးစဉ်တွင် ခရီးသည်နှုန်းထားနှင့် ကုန်တန်ဆာခများ မူလထက်ခရီးစဉ် အလိုက်မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် customer ထံသို့ သွားရောက်၍ဈေးကွက်လေ့လာခြင်း များ၊ ဈေးကွက်ရှာဖွေခြင်းများ ပြုလုပ်ကာ အမြတ်ရရှိရေးကိုနည်းလမ်း မျိုးစုံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ "စီးပွားရေးကုမ္ပဏီတစ်ခုဟာ နိုင်ငံပိုင်လုပ်ငန်းလိုတော့ အရှုံးခံပြီး လုပ်နိုင်မှာမဟုတ်ဘူး။ သူတို့ပေးရတဲ့လစာ၊ ရင်းနှီးရတဲ့ ငွေကြေးတွေပေါ် မူတည်ပြီး အမြတ်ရအောင်တော့ လုပ်မှာပဲ။ ဒါပေမယ့် နည်းမှန်လမ်းမှန်နဲ့ လုပ်နိုင်ဖို့တော့လိုမယ်" ဟု စီးပွားရေးလုပ်ငန်းရှင် တစ်ဦးက သုံးသပ်ခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၂၅ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

## အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

**<u>အနိုင်းမဲ့မီး</u>**

လောကမှာ ရှိရှိသမျှ မီးအားလုံးထဲမှာ ရာဂမီး၊ သို့မဟုတ် အချစ်မီးဟာ အနိုင်းမဲ့မီးဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ရာဂမီး၊ အချစ်မီးထက်ပိုပြီး ကိုယ်စိတ်နှစ်ပါးကို ပူလောင်စေပါတယ်၊ ကျွမ်းမြိုက်စေပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားမီးမရှိတော့လို့ပါ။

ရာဂမီး၊ အချစ်မီးနဲ့ လဲလှယ်သင့်၊ လဲလှယ်ထိုက်တဲ့ တခြားမီးလောကမှာ မရှိတော့တဲ့အတွက် ရာဂမီး၊ အချစ်မီးဟာ အနိုင်းမဲ့မီဖြစ်ရပါတယ်။ မီးဆိုတာ သူ့ကို ထိတွေ့လာတဲ့သက်ရှိသက်မဲ့ အရာမှန်သမျှကို ပူလောင်စေတတ်တဲ့သဘောရှိပါတယ်။

မီးကို ကိုင်တွယ်တဲ့သူတိုင်း၊ မီးကို သိမ်းပိုက်တဲ့သူတိုင်း ပူလောင်တဲ့ ဒုက္ခဝေဒနာကို မလွဲမသွေခံစားကြရပါတယ်။ မီးနဲ့ထိတွေ့လိုက်လို့ အေးမြသွားတယ်၊ ငြိမ်းချမ်းသွားတယ်ဆိုတာမရှိပါဘူး။

မိမိနဲ့ထိတွေ့ပတ်သက်လာသူတိုင်းကို ပူလောင်စေတတ်တဲ့မီးအားလုံးထဲမှာ ရာဂမီး၊ အချစ်မီးဟာ အဆိုးဝါးဆုံးမီးဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ရာဂမီး၊ အချစ်မီးဟာ တခြားမီးတွေလို ကိုယ်ကိုတိုက်ရိုက်လောင်တဲ့မီးမဟုတ်ဘဲ စိတ်ကု တိုက်ရိုက်လောင်တဲ့မီး ဖြစ်နေလို့ပါပဲ။

သက်ရှိလောကအနေနဲ့ပြောရရင် တခြားမီးတွေဟာ ကိုယ်ကိုပဲ တိုက်ရိုက်လောင်ပါတယ်။ ကိုယ်ကို အရင်လောင်ကျွမ်းပြီးမှ စိတ်ကို နာကျင်မှုတွေ၊ မကျေနပ်မှုတွေ ပေးပြီး နှိပ်စက်လောင်ကျွမ်းပါတယ်။

ဒါတောင်မှ ကိုယ့်စိတ်ကို နာကျင်မှုတွေ၊ မကျေနပ်မှုတွေ လုံးဝမဖြစ်တော့အောင် ဆောက်တည်ထားပြီးတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ကိုယ်ကိုတိုက်ရိုက်လောင်တဲ့ အဲဒီပြင်ပမီးတွေက စိတ်ကို လောင်မြိုက်အောင် ဘာမှ မတတ်နိုင်ကြပါဘူး။

ရာဂမီး၊ အချစ်မီးကတော့ ရာဂမကင်းသေတဲ့ သက်ရှိသတ္တဝါတိုင်းရဲ့စိတ်ကို တိုက်ရိုက်လောင်ကျွမ်းပါတယ်။ စိတ်ကိုအရင်လောင်ကျွမ်းပြီးမှ စိတ်ကြောင့်ဖြစ်တဲ့၊ စိတ်နဲ့ဆက်စပ်နေတဲ့ ကိုယ်ကိုညှိုးနွမ်းမှုတွေ၊ ဖောက်ပြန်မှုတွေပေးပြီး နှိပ်စက်လောင်ကျွမ်းပါတယ်။

ကိုယ်ကိုလောင်တဲ့ တခြားမီးတွေက လောင်ကျွမ်းရာ ကိုယ်တိုင်းကို ပူလောင်စေနိုင်ပေမယ့် စိတ်တိုင်းကို မပူလောင်စေနိုင်ပါဘူး။ ကိုယ်ပူတိုင်း စိတ်မပူပါဘူး။ စိတ်ကိုလောင်တဲ့ ရာဂမီး၊ အချစ်မီးကတော့ လောင်ကျွမ်းရာစိတ်တိုင်းကို ပူလောင်စေနိုင်သလို အဲဒီစိတ်ပိုင်ရှင်ရဲ့ ကိုယ်ကိုလည်း ပူလောင်စေပါတယ်။ စိတ်ပူတိုင်း ကိုယ်ပူပါတယ်။

စိတ်ပူသလို ကိုယ်ပူတယ်ဆိုတာက သူ့အသားအရေကို သွားစမ်းကြည့်ရင် ပူတာကိုသာ ဆိုလိုတာမဟုတ်ပါဘူး။ ရုပ်လက္ခဏာ ညှိုးနွမ်းနေတာ၊ တစ်နည်းနည်း တစ်ဖုံဖုံအားဖြင့် ရုပ်ခန္ဓာဖောက်ပြန်နေတာကို ဆိုလိုတာပါ။ စိတ်ကိုလည်း အပူနဲ့နှိပ်စက်၊ ကိုယ်ကိုလည်း အပူနဲ့နှိပ်စက်တဲ့အတွက် ရာဂမီး၊ အချစ်မီးဟာ အနိုင်းမဲ့မီးဖြစ်ရပါတယ်။

အပြင်မှာလောင်တဲ့မီး၊ အပြင်မီးတွေက မီးခိုးလည်း မြင်တွေ့ရ၊ မီးတောင်လည်း မြင်တွေ့ရ၊ မီးခဲလည်းမြင်တွေ့ရတဲ့အတွက်ကြောင့် ကိုယ့်ကိုမလောင်ကျွမ်းအောင် ရှောင်တိမ်းလို့ရပါတယ်။ အတွင်းမှာလောင်တဲ့မီး၊ အတွင်းမီးဖြစ်တဲ့ ရာဂမီး၊ အချစ်မီးကတော့ မီးခိုးလည်းမမြင်တွေ့ရ၊ မီးတောက်လည်းမမြင်တွေ့ရ၊ မီးခဲလည်း မမြင်တွေ့ရတဲ့အတွက်ကြောင့် ကိုယ့်ကို မလောင်ကျွမ်းအောင် ရှောင်တိမ်းလို့မရပါဘူး။

မြင်ကတည်းက ရင်ထဲမှာ ချစ်သွားတော့မယ်ဆိုတာ သိလိုက်လို့ မချစ်မိအောင် အမျိုးမျိုးရှောင်တိမ်းပေမယ့် ဘယ်လိုမှ ရှောင်တိမ်းလို့မရဘဲ မချစ်ချစ်ဖြစ်အောင် ချစ်မိသွားတာဟာ ရာဂမီး၊ အချစ်မီးရဲ့ ကိုယ်ပိုင်လျှို့ဝှက်စွမ်းအင်ပါပဲ။

မီးခိုး၊ မီးတောက်၊ မီးခဲတွေ မမြင်ရပေမယ့် နှလုံးသားတွေတစ်စစီ ကြေမွပြီး ပြာကျသွားလောက်အောင် လောင်မြို့က်နိုင်စွမ်းရှိတဲ့ရာရဆိုတဲ့ အတွင်းမီး၊ အချစ်ဆိုတဲ့ အတွင်းမီးဟာ ရှောင်တိမ်းဖို့ အင်မတန် ခက်ခဲလွန်းတဲ့အတွက်ကြောင့်လည်း အနိုင်းမဲ့မီး ဖြစ်ရပါတယ်။

အပြင်မီးတွေက မလောင်ကျွမ်းအောင်၊ လောင်ကျွမ်းနေရင်လည်း မကူးစက်အောင် လောင်စာတွေကို ဖယ်ရှားရှင်းလင်းပစ်ဖို့ လွယ်ကူပါတယ်။ ရာဂဆိုတဲ့ အတွင်းမီး၊ အချစ်ဆိုတဲ့ အတွင်းမီးကတော့ မလောင်ကျွမ်း မကူးစက်အောင် လောင်စာတွေကို ဖယ်ရှားရှင်းလင်းပစ်ဖို့ မလွယ်ပါဘူး။ ဘာလို့လဲဆိုတော့ ရာဂမီး၊ အချစ်မီးရဲ့လောင်စာက စိတ်ဖြစ်နေလို့ပါပဲ။

အသက်ထင်ရှားရှိနေသမျှ စိတ်ကလည်း ထင်ရှားရှိနေမှာမို့ အချိန်မရွေး လောင်စာရနေတဲ့၊ အမြဲတမ်း လောင်စာရနေတဲ့ ရာဂမီး၊ အချစ်မီးဟာ အနိုင်းမဲ့မီးဖြစ်ရပါတယ်။ ဒီတစ်ဘဝမှာသာ လောင်စာအမြဲရနေတာ မဟုတ်ပါဘူး။ သံသရာခရီး မဆုံးမချင်း လောင်စာအမြဲရနေတာပါ။

ဆက်ရန်

# ဟာသ

## <u>တမင်သက်သက်</u>

အသက်အာမခံထားမယ့် တိရိစ္ဆာန်အစောင့်ကို အာမခံကိုယ်စားလှယ်က“ခင်ဗျားမတော်တဆထိခိုက်မှုမျိုးဖြစ်တတ်သလား” မေးတယ်။
“မဖြစ်ဘူး” လို့ သူက ပြန်ဖြေတယ်။ “ဒါပေမဲ့ တစ်ခါကတော့ ခလောက်ဆွဲအမြီးနဲ့ မြွေပွေးကကျွန်တော့်ကို ကိုက်ဖူးတယ်၊ ခြေထောက်ကိုလဲ ဆင်တက်နင်းတာခံရဖူးတယ်”
“ဒါမျိုးဟာ မတော်တဆထိခိုက်မှုမဟုတ်ဘူးလား”
“မဟုတ်ပါဘူး၊ အဲဒီကောင်တွေက တမင်သက်သက်လုပ်တာပဲ”လို့ တိရိစ္ဆာန်ရုံစောင့်က ပြန်ဖြေတယ်။

## <u>ကံဆိုးမိုးမှောင်</u>

မေရီ။ ။ မှန်ကိုခွဲရင် ခုနစ်နှစ်ကံဆိုးမိုးမှောင်ကျတတ်တယ်ဆိုတာ နင်ယုံလား။
ဒေမီ။ ။ ငါတော့ မယုံပေါင်၊ ငါ့ဦးလေးတစ်ယောက် မှန်တစ်ချပ်ကို ခွဲပစ်လိုက်တာ ခုနစ်နှစ်ကြာအောင် ကံဆိုးနေတာ ငါမမြင်ပါဘူး။
မေရီ။ ။ သူ့ဘာမှမဖြစ်ဘူးလား။
ဒေမီ။ ။ အဲသည်နေ့မှာပဲ ကားတိုက်လို့သေတယ်။

## <u>လက်ခုပ်သံ</u>

ဂျော့။ ။ ငါစကားပြောပြီးလို့ စင်ပေါ်ကလည်းဆင်းရော၊ ပရိသတ်က လက်ခုပ်တွေတီးကြတာ ဝက်ဝက်ကွဲပဲ။
ဟယ်ရီ။ ။ အဲဒါဘာကြောင့်လဲသိလား။ မင်းစင်ပေါ်ပြန်တက်မလာတော့ဘူးဆိုတာသိလို့။

## <u>ပုရွက်ဆိတ်</u>

ဆရာ။ ။ ဘာကြောင့်ကျောင်းနောက်ကျတာလဲ။
ကျောင်းသား။ ။အကောင်ပေါက်စလေးတွေကို နှုတ်ဆက်နေရလို့ပါ။
ဆရာ။ ။ မင်းဟာက နစ်နာရီတောင်မှ နောက်ကျတာ။
ကျောင်းသား။ ။ ပုရွက်ဆိတ်အုံက အကြီးကြီးဆရာ။

## <u>နောက်ဆုံးတော့</u>

ဆရာ။ ။ ကျောင်းသားတွေဟာ ပုရွက်ဆိတ်တွေဆီက အတုယူနိုင်တယ်။ ပုရွက်ဆိတ်တွေဟာ အလုပ်အရမ်းလုပ်တယ်။ တစ်ချိန်လုံးလိုလို အလုပ်တွေ လုပ်ကြတယ်။
နောက်ဆုံးမှာ ပုရွက်ဆိတ်တွေဘာဖြစ်မယ်ထင်လဲ။
တပည့်။ ။ သူများက တက်နင်းသွားတယ်ဆရာ။

## <u>ဖားစားသူ</u>

အလွန်မေ့လျော့တတ်တဲ့ဇီဝဗေဒပါမောက္ခက သူ့ကျောင်းသားတွေကို “ဒီထဲမှာ နေ့လယ်စာ မုန့်နဲ့ခွဲစိတ်ပြဖို့ နမူနာဖားတစ်ကောင် ထည့်ယူ လာတယ်ကွ”လို့ ပြောပါတယ်။
နေ့လယ်စာဘူးကို ဖွင့်လိုက်ပြီး အသားညှပ်ပေါင်မုန့်နဲ့ ကြက်ဥမုန့်ကို ဆွဲထုတ်ရင်း“အံ့သြစရာပဲဟေ့”လို့ သူပြောတယ်။ “ငါ နေ့လယ်စာလဲ စားပြီးပါပြီ၊ ခွဲစိတ်ရမယ့် ဖားက ဘယ်ရောက်နေပါလိမ့်။
ဂျလုံး

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

June 25th မှ July 1th ကြား

ရန်များမည်။ အနောင့်အယှက်ပေးသူများနှင့် ထိပ်တိုက်တွေ့မည်။ ရင်းနှီးသူများနှင့် စကားများရမည်။ အပြိုင်အတိုက်အခံများမည်။ လွယ်လင့်တကူဖြစ်ခြင်းမရှိ။ မတော်တဆထိခိုက်မှုအန္တရာယ်များ ဂရုစိုက်ပါ။ ယာဉ်ကားမောင်းနှင့်မှုသတိရှိပါ။ လုပ်ငန်းခွင်မှသူများအဖို့ အမည်အတွင်း အ၊ ဉ၊ သ၊ ဟ ပါသောသူများနှင့် ထိပ်တိုက်တွေ့၍ ငွေကြေးဆုံးရှုံးတတ်သည်။ တနင်္လာနေ့၊ အင်္ဂါနေ့မွေးသောသူများနှင့် ပတ်သက်သော အလုပ်ကိစ္စများ အောင်မြင်မည်။ မိသားစုတွင် ခြံ၊ ကား၊ အခန်းနှင့် ပတ်သက်သော ကိစ္စများ စကားပြောရမည်။ စကားအောင်မည်။ ပြန့်ကြဲနေသော ငွေကြေး၊ ပစ္စည်းများအတွက် ပြောဆိုဆောင်ရွက်ခြင်းများ အဆင်ပြေမည်။ စိုးရိမ်ကြောင့်ကြမှုလွန်ကဲခြင်းကြောင့် အခွင့်ကောင်းများ ဆုံးရှုံးမည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

June 25th မှ July 1th ကြား

အတွေ့အကြုံသစ်များရရှိမည်။ အရေးကြီးသော ခြေလှမ်းသစ်များ ချမှတ်ဆောင်ရွက်ရမည်။ ဖြစ်ပေါ်လာသော အပြောင်းအလဲများကိုလက်ခံ၍ တိုးတက်မှုများ ဖန်တီးရမည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စများတွင် ထူးထူးခြားခြားကြုံမည်။ ကြိုးပမ်းဆောင်ရွက်ထားသည့်ကိစ္စ၏ အကျိုးဆက်ကောင်းကို ရရှိခံစားရမည်။ လိုအပ်ချက်များကို ပြုပြင်ပြောင်းလဲ၍ လမ်းသစ်ထွင်ပြီး ဆောင်ရွက်ရမည်။ အတိုက်အခံများ၊ အနောင့်အယှက်များ ရှိနေဆဲဖြစ်လင့်ကစား အားလုံးကို ကျော်လွှားနိုင်မည်။ အစီအစဉ်တကျ ဆောင်ရွက်နိုင်ခြင်း မရှိလင့်ကစား လုပ်ဆောင်နိုင်သမျှ ကိစ္စအဝဝမှ အကျိုးဆက်ကောင်းများ ရရှိမည်။ နေရာပြောင်းလဲမှုအတွက် ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်မှုများ အောင်မြင်မည်။ ငွေကြေးအဝင်နှုန်းမြင့်မားမည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

June 25th မှ July 1th ကြား

တပြိုင်တက်တည်း တစ်ခုထက်မကသော လုပ်ငန်းများ လုပ်ကိုင်ရမည်။ ကြန့်ကြာနေသော ရပိုင်ခွင့်များ လက်ဝယ်ပြန်လည်ရရှိမည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စအတွက် ဆောင်ရွက် အကျိုးပေးမည်။ အရပ်ဝေးရောက်ရှိနေသူများထံမှ ကောင်းသော သတင်းစကားများကြားသိရမည်။ အမျိုးသားများအတွက် အချစ်ရေးကံကောင်းသည်။ ထူးခြားသော မေတ္တာရှင်ကိုတွေ့မည်။ မိခင်၏ ဆွေမျိုး၊ မိတ်သင်္ဂဟများနှင့် ဆက်နွယ်ပြီး အလုပ်အကိုင်၊ စီးပွားအကြံအစည်များ အောင်မြင်ခြင်းကို ကြုံမည်။ ပညာအတတ်နှင့်ပတ်သက်သော ကံကောင်းသည်။ ကာလအတန်ကြာဆိုင်းငံ့ရပ်တန့်ထားသည်များကို ရှေ့တိုးလုပ်ကိုင်မည်။ ပဋိပက္ခဖြစ်၍ ကွဲကွာနေသူများနှင့် ပြန်လည်သင့်မြတ်အဆင်ပြေမည်။ အလုပ်နေရာ အပြောင်းအရွှေ့အတွက် စီစဉ်သူများ အလိုပြည့်အောင်မြင်ခြင်းရှိမည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

June 25th မှ July 1th ကြား

လမ်းကြောင်းသစ်ထွင်လုပ်ကိုင်ခြင်းမှ တိုးတက်မည်။ အခက်အခဲကို ကျော်လွှားနိုင်မည်။ အနောင့်အယှက်များပင်ရှားနိုင်မည်။ အပြောတစ်မျိုးလက်တွေ့တစ်မျိုး လုပ်ကိုင်သူများနှင့် ဆက်ဆံရမည်။ အသင်းအဖွဲ့နှင့် လုပ်ကိုင်သော ကိစ္စများအဆင်မပြေ။ တစ်ဦးတည်းဆောင်ရွက်ထားသည်များမှ အဆင်ပြေမည်။ ကျန်းမာရေးချူချာမည်။ သက်သာဈေးချောင်သည်ဟု ယူဆပြီး ဝယ်ယူလိုက်သောပစ္စည်းများမှ ပြဿနာများဖြစ်ပေါ်မည်။ အပျက်အစီး များတတ်သည်။ ပေါ့ပေါ့တန်တန်လုပ်သောသူများကြောင့် ကိုယ်က လေးလေးနက်နက်ဆောင်ရွက်ထားသည်ပင် ဖရိုဖရဲကစဉ့်ကလျားဖြစ်တတ်သည်။ ရပ်တန့်ထားသော လုပ်ငန်းဟောင်းများ ပြန်လည်ဆောင်ရွက်သင့်သည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

June 25th မှ July 1th ကြား

အဘက်ဘက်မှကောင်းသည်။ လုပ်ကိုင်ဆောင်ရွက်သမျှ ထင်ရှားသော အကျိုးဆက်ရမည်။ ဆုံးဖြတ်ချက်များ မှန်ကန်မည်။ အတိုက်အခံများကို ကျော်လွှားနိုင်မည်။ လုပ်ငန်းတိုးတက်မည်။ အဆင့်မြင့်သော အလုပ်တာဝန်များကို ကိုင်တွယ်ရမည်။ ငွေအစုလိုက်ဝင်မည်။ ဥစ္စာဓနတိုးပွားမည်။ မိတ်ဆွေကောင်း အကူအညီရမည်။ ကာလအတန်ကြာလက်လွှန် ဆုံးရှုံးထားသော ငွေကြေးအခွင့်အရေးများ လက်ဝယ်ပြန်လည်ရရှိမည်။ ငွေကြေးစီးပွားကိစ္စများကို လိုလားသလောက်၊ ဆန္ဒရှိသလောက် ရှေ့တိုးဆောင်ရွက်သင့်သည်။ ပျိုရွယ်သူများ မျက်နှာပွင့်လန်းမည်။ ဝေးလံသောအရပ်တွင် ရောက်ရှိနေသောသူများထံမှ ကောင်းသတင်း၊ တိုးတက်မှုသတင်းများ ကြုံတွေ့ရမည်။ လုပ်အားကြောင့်သာမက ကံကြောင့်ပါ ငွေဝင်မည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

June 25th မှ July 1th ကြား

ကိုယ်ရေးကိုယ်တာမှန်သမျှ ဘေးဖယ်ထားပြီး သူတစ်ပါးအတွက် လိုက်လံဆောင်ရွက်ပေးနေရမည်။ တစ်ခုထက်မကသောပြဿနာများကို ဖြေရှင်းနေရမည်။ စာချုပ်စာတမ်းများ၊ ကတိစကားများကို ပြန်လည်ပြင်ဆင်ရကိန်းကြုံမည်။ အလွန်ဟိတ်ဟန်များပြီး မြင့်မားသောအဆင့်ဝန်းကျင်တွင် ဝင်ထွက်သွားလာနိုင်သူဟူ၍ ဝါကြွားလိမ်ညာစကားပြောသူ၏ လှည့်စားမှုခံရမည်။ ငွေလက်လွှန်မည်။ လူလိမ်ခံရမည်။ ရတနာအဝင်မတော်။ ယာဉ်ကားနှင့်ပတ်သက်၍ စိတ်ရှုပ်စရာများကြုံမည်။ ဆွေမျိုးသားချင်းများအတွက် စိတ်သောကဖြစ်စရာများကြုံမည်။ အနီးကပ်လူပြဿနာပေးတတ်သည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

June 25th မှ July 1th ကြား

အပြောင်းအလဲများ ဆက်တိုက်ဖြစ်ထွန်းလာသည်။ မူလဘဝအခြေအနေထက်ပိုမိုမြင့်မားသော အနေအထားသို့ ကူးပြောင်းခြင်းရှိမည်။ အရပ်ဝေးနှင့် ဆက်စပ်ပြီး လုပ်သောကိစ္စမှ ထူးခြားသောအကျိုးရမည်။ မိသားစုနှင့် ပတ်သက်သော ကောင်းသတင်းကြားသိနိုင်မည်။ သို့သော်အကြီးအကဲအမျိုးသမီးများဖြစ်သော မိခင်၊ အဖွား၊ အဒေါ်၊ အစ်မစသည်တို့၏ ကျန်းမာရေးတွင်ကား အဆိုးအညံ့အနေအထားတွင်ရှိသည်။ ပုံမှန်မဟုတ်သော ငွေကုန်ငွေထွက်လမ်းကြောင်းများရှိနေသည်။ အလေအလွင့် အယိုအဖိတ်များမည်။ မလိုအပ်ဘဲ သုံးစွဲခြင်းများကို တတ်အားသမျှလျှော့ပါ။ တတ်အားသမျှငွေစုပါ။ များမကြာမီ ငွေအလုံးလိုက်၊ အရင်းလိုက် ငွေကုန်ကိန်းရှိသည်။ ယခုအချိန်စုဆောင်းမှ တန်ရုံကျမည်။ အလုပ်တိုးတက်ခြင်း၊ ရည်ရွယ်ချက်နှင့် စိတ်ကူးကောင်းများ အခိုင်အမာဖြစ်ထွန်းမည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

June 25th မှ July 1th ကြား

စီစဉ်ထားသည်များ အလွဲလွဲအချော်ချော် ဖြစ်မည်။ ကစဥ့်ကလျားနှင့် လုပ်ငန်းများလုပ်ရမည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းရမည်။ အသေးစားကိစ္စဟု ယူဆထားသောကိစ္စမှ ပြဿနာကြီးအထိ ဖြစ်လာမည်။ ပစ္စည်းပျောက်မည်။ ငွေကုန်များမည်။ ငွေဈေးကဆုံးမည်။ ခရီးသွားစဉ် မေ့ကျန်ပျောက်ဆုံးတတ်သည်။ သတိရှိပါ။ အရေးပါသော စာရွက်စာတမ်းများ ပျောက်တတ်သည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စအတွက် ဆောင်ရွက်သမျှ အဆင်ပြေမည်။ အစီအစဉ်ဖျက်ထားသော ခရီးကိစ္စပြန်လည် အဆင်ပြေမည်။ လူမျိုးကွဲ အကျိုးပေးသည်။ အရပ်ဝေးနှင့် ဆက်သွယ်ပြီး လုပ်သောကိစ္စများမှ ထူးခြားသော တိုးတက်မှုများ ဖြစ်မည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

June 25th မှ July 1th ကြား

ဖြစ်ပေါ်လာသော အပြောင်းအလဲများကို လက်ခံ၍ လိုအပ်သည်များဆောင်ရွက်သင့်သည်။ အပျောက်အရှများခြင်း၊ ဆုံးရှုံးနစ်နာစရာများရှိမည်။ သူတစ်ပါးအပေါ် ယုံကြည်မှုလွန်ကဲခြင်း မရှိသင့်။ စကားလွန်ကြူးစွာ မပြောရ။ ကိုယ်လုပ်မည့်ကိစ္စ၊ အကြံအစည်မှန်သမျှကို သိုသိုသိပ်သိပ် စနစ်တကျလုပ်သင့်သည်။ ကိုယ့်ကိုအသုံးချ ခုတုံးလုပ်၍ တက်လမ်းရှာဖွေသူများနှင့် တွေ့လိမ့်မည်။ ပျိုရွယ်သူများအဖို့ မေတ္တာရေးတွင် အနှောင့်အယှက်များ၊ အတိုက်အခံများ ရှိနိုင်သည်။ သံယောဇဉ် မထားသင့်သောသူအားထားခြင်း၊ အချစ်ရေးလမ်းကြောင်းများ၌ တတိယလူပေါ်ပေါက်ခြင်းရှိမည်။ လုပ်ငန်းစီးပွားလုပ်သူများအဖို့ ပုံမှန်လုပ်နေကျ မဟုတ်သော လုပ်ငန်းများလုပ်ကိုင်၍ စိတ်အနှောင့်အယှက်ကြုံမည်။ လက်ဝယ်ပိုင်ဆိုင်ထားသော ပစ္စည်းများ ဈေးနှုန်းကျ၍ စိတ်ရှုပ်ရမည်။ သူခိုး၊ သူဝှက်အန္တရာယ် ဂရုစိုက်ပါ။ ပစ္စည်းအပျောက်အရှများတတ်သည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

June 25th မှ July 1th ကြား

ယခုလုပ်ကိုင်နေသော လုပ်ငန်းများဆောင်ရွက်နေသော အကြံအစည်များအားလုံး အပြည့်အဝအောင်မြင်မည်။ လမ်းကြောင်းမှန်ပေါ်သို့ ရောက်နေသည်။ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ထားသည့်ကိစ္စမှ အကျိုးအမြတ်များရရှိမည်။ ပြတ်နေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်မိမည်။ ပေါ်ပေါက်လာသော အခွင့်အရေးသစ်နှင့် အဆက်အသွယ် လမ်းကြောင်းများသည်လည်း အနာဂတ်အတွက် အကျိုးပေးမည့် အခြေခံဖြစ်ရပ်များပေတည်း။ တိုးပွားအောင်၊ တိုးတက်အောင် အခိုင်အမာဆောင်ရွက်နိုင်မည်။ တစ်ပိုင်းတစ်စဖြစ်နေသည်များ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ မင်္ဂလာပွဲဖြစ်စေ၊ အိမ်သစ်တက်ခြင်းကိုဖြစ်စေ ဖိတ်ကြားခံရမည်။ မပျက်မကွက်တက်ရောက်ချီးမြှင့်ပါ။ ကိုယ့်အတွက် မင်္ဂလာရှိသော ဖြစ်ရပ်များကိုပါ ထပ်ဆင့်ပွင့်လာမည်။ လုပ်ငန်းခွင်မှသူများ အဆင့်တက်မည်။ ဝင်ငွေတိုးမည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

June 25th မှ July 1th ကြား

လိုလားသော အကြောင်းအရာများကို စနစ်တကျချဉ်းကပ်၍ တိုးတက်မှုများရရှိမည်။ ဆက်ဆံနေသော ဝန်းကျင်အတွင်း ဩဇာရှိခြင်း၊ လွှမ်းမိုးနိုင်ခြင်း ကြုံမည်။ ခက်ခဲသောပြဿနာများကို ဖြေရှင်းနိုင်မည်။ ဝမ်းဗိုက်ဒုက္ခပေးမည်။ ဆီးနှင့်ပတ်သက်သော ဆေးဝါးကုသခြင်းများကြုံမည်။ အရာရာကိုယ်ပိုင်ဟန်နှင့် လုပ်ကိုင်ပြီး တိုးတက်ခြင်းကြုံမည်။ တစ်ခုထက်မကသော လုပ်ငန်းကိစ္စများကို တစ်ပြိုင်နက်တည်း လုပ်ကိုင်ရကိန်းရှိသည်။ ပတ်ဝန်းကျင်နှင့် ကင်းကွာနေတတ်သည်။ ကင်းကွာနေခြင်းကြောင့်လည်း အကျိုးရှိမည်။ ပတ်ဝန်းကျင်နှင့် ဆက်စပ်သောအနေအထားများ၌ ငွေကြေးအကုန်အကျများခြင်း၊ စိတ်ပင်ပန်းခြင်း၊ တစ်ပါးသူနှင့် ပတ်သက်၍ နာမည်သိက္ခာထိခိုက်ခြင်းများ ဖြစ်တတ်သည်။ အလုပ်နေရာ၊ နေထိုင်ရာနေရာအတွက် ဆောင်ရွက်ခြင်းများ အဆင်ပြေမည်။ မိဘအကြီးအကဲ ကျန်းမာရေးချူချာမည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

June 25th မှ July 1th ကြား

အခွင့်အလမ်းကောင်းများ ပေါ်ပေါက်မည်။ ရည်ရွယ်ချက်သစ်များကို အောင်မြင်တိုးတက်သော အလားအလာကောင်း ရရှိမည်။ မူလစီစဉ်ထားသည်က တစ်မျိုး လက်တွေ့တစ်မျိုးကြုံမည်။ အရေးကြီးသော ငွေကြေးကိစ္စ၊ စာရွက်စာတမ်းကိစ္စ ပြောဆိုအောင်မြင်ခြင်းရှိမည်။ ရုတ်တရက်စိတ်ကူးပြီးလုပ်သောကိစ္စများမှ ထူးခြားသောတိုးတက်မှုများ ဆက်တိုက်ဖြစ်ထွန်းလာမည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်း၊ ကြားဝင်တာဝန်ယူ အာမခံခြင်းများကို မရှောင်မလွှဲသာ၍ တာဝန်ယူဆောင်ရွက်ရမည်။ အိမ်တွင်းရေးနှင့် လူမှုရေးကိစ္စများတွင် အနှောက်အယှက်များ လွှမ်းမိုးနေမည်။ အနီးကပ်လူဒုက္ခပေး၍ စိတ်အနှောင့်အယှက်များ ဖြစ်တတ်သည်။ မေတ္တာရေးကံကောင်းသည်။ စန်းပွင့်မည်။

## ဘောလုံး အကယ်ဒမီ မေလ တတိယပတ် ဖွင့်မည်

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးမြို့ရှိ ဘောလုံး အကယ်ဒမီကို မေလ တတိယပတ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါ ဘောလုံးအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။ ၁၅ ဧက ကျယ်ဝန်းသည့် ဘောလုံးအကယ်ဒမီတွင် သုံးထပ်ဆောင် ပါရှိပြီး ဘောလုံးအသင်း သုံးသင်းစာ နေနိုင်သည့် အဆောင်၊ လူ ၁၂၀ စားသောက် နိုင်သည့် စားဖိုဆောင်၊ မီးဖိုခန်းတို့ ပါရှိသည်။ နည်းပြများအတွက် အဆောင်သီးသန့် ပါရှိပြီး အထူးဧည့်သည်များ အတွက်လည်း သီးသန့်အခန်း ထားရှိသည်။ ထို့ပြင် စာသင်ဆောင်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်၊ အစည်းအဝေးခန်းမ စသည်တို့လည်း ပါရှိသည်။ "ဒီအဆောက်အအုံကို ကနဦးက ရောရှေ့ဝါ ကုမ္ပဏီက တာဝန်ယူခဲ့ပြီး ရေမီး၊ landscaping ပိုင်းတွေကို Max ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ဖွင့်ပွဲရက်ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သတ်မှတ်မယ့် ရက်ကိုပဲ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၁ ရက်နေ့လို့ပဲ ခန့်မှန်းထားရတာပါပဲ" ဟု ပြောကြားသည်။ အဆိုပါ ဘောလုံး အကယ်ဒမီအတွက် ၁၁ နှစ်အောက် အယောက် ၃၀၊ ၁၃ နှစ်အောက် အယောက် ၃၀၊ ၁၅ နှစ်အောက် အယောက် ၃၀၊ ရွေးချယ် ထားပြီးဖြစ်ကာ နိုင်ငံခြား နည်းပြချုပ်တစ်ဦး၊ မြန်မာ နည်းပြသုံးဦးတို့က တာဝန်ယူ သင်ကြားပေးမည့်အပြင် မြန်မာ့ ဘောလုံး လက်ရွေးစင် အဖြစ် မွေးထုတ်ရန် ရည်စူး ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါ ဘောလုံးအကယ်ဒမီသည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သိပ္ပံလမ်း တောင်ဘက်၌ တည်ရှိကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီး ဘောလုံးကျွမ်းကျင်သူ လာရောက် အကူအညီပေးမည်

မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ အမျိုးသမီး ဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေး သင်ကြား ကူညီမှု များ ပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင် အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပေးရန် ဆက်သွယ် တင်ပြ တောင်းခံ ခြင်းကြောင့် ဂျာမနီ အမျိုးသမီး လက်ရွေးစင် ကစားသမားဟောင်းနှင့် နည်းစနစ် ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs. Monika Staab အားယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs. Monika Staab သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ် လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့် ပြင်ဆင်မှုများ၊ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများကိုစစ်ဆေးကြပ်မတ် အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာ့အမျိုးသမီး ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာမျိုးဆက်သစ် လူငယ် ဂေါက်သီးသမားများ နိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်လျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီး အားကစား သမားများအား နိုင်ငံတကာပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ မေလ ၁၄ ရက်မှ ၁၆ ရက်အထိမလေးရှားနိုင်ငံ Seremban International Golf Club ၌ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ်ပြိုင်ပွဲသို့ နေဗလင်းမြင့်၊ ရန်မျိုးအေးနှင့် ယဉ်မေမျိုးတို့ပါဝင်သော ဂေါက်သီးအားကစားအဖွဲ့သည်လည်းကောင်း၊ မေ ၂၀ ရက်မှ ၂၃ ရက်အထိမလေးရှားနိုင်ငံ Damai Laut Golf & Country Club တွင်ကျင်းပမည့် 108th Malaysian Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ ဦးစိုးကျော်နိုင်နှင့်ဦးဆန်းထွန်းတို့ဦးဆောင်ကာကစားသမားများအဖြစ် နေဗလင်းမြင့်၊ရန်မျိုးအေး၊ စိုးမိုးဝင်း၊ ယဉ်မေမျိုး၊ မောင်မောင်ဦးနှင့် ရဲထက်အောင်တို့ ပါဝင်သော အဖွဲ့သည် လည်းကောင်း၊ မေ ၂၅ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ Saujana Golf & Country Club တွင် ကျင်းပမည့် Kurina Saujana Amaterur Open Golf Championships 2010 ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ Seremban Internat -ional Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီး ချန်ပီယံရှစ် ပြိုင်ပွဲ၌ မယဉ်မေမျိုးက (၇၄)ချက်၊ (၇၆)ချက်၊ (၇၄)ချက် စုစုပေါင်း (၂၂၄) ချက်ဖြင့် ပထမဆုရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၁၇ရက်နေ့က လေကြောင်းခရီးဖြင့် ပြိုင်ပွဲကျင်းပမည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ပါဝင်ပြီး မြောက်ကိုရီးယား၊ဂျပန်၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ မေ ၂၀ ရက်တွင် ဂျပန်အသင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် မေ ၂၄ ရက်တွင် ထိုင်းအသင်းတို့ နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် ဗီယက်နမ်တို့ ပါဝင်ပါသည်။ မြန်မာအသင်းမှာ ထိုင်းနှင့် ဗီယက်နမ်တို့ နည်းတူ ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းခြေစစ်ပွဲတွင် ဂျော်ဒန်ကို သုံးဂိုး - ဂိုးမရှိ၊ တရုတ်(တိုင်ပေ)ကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် နိုင်ကာအုပ်စုပထမဖြင့် ယခုပြိုင်ပွဲသို့ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးမျိုးမြင့်ထွေး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ အသင်းဆရာဝန် ဒေါက်တာခင်စောရီနှင့် ကစားသမားအဖြစ် ဂိုး- မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း- မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ နန်းနင်းနင်းထွေး၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ အလယ်တန်း- သူဇာထွေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ အေးအေးမာ၊ သန္တာမိုး၊ ခင်မိုးဝေ၊ ရှေ့တန်း- မိုင်နီလာထွေး၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ရီရီဦးနှင့် နော်အေးလိုဝါးဖောစသည့်ကစားသမား(၂၀) ဦး လိုက်ပါ သွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# အနုပညာ

## ရော့ခ်ဂီတကို အရမ်းရူးသွပ်ပါတယ်ဆိုတဲ့ ရတနာမိုင်

တစ်ကိုယ်တော်အခွေရေစီးကြောင်း ပြန်ပြီးအရှိန်ရစပြုလာချိန်မှာ "မရှိလို့မဖြစ်" တစ်ကိုယ်တော်စီးရီးထွက်တော့မယ့်လို့ အသိပေးလာတဲ့ ရတနာမိုင်က နုးညံ့ပျော့ပြောင်းပြီး ကလေးဆန်တဲ့ သူမရဲ့ပုံစံလေးနဲ့လိုက်ဖက်မယ်လို့ မထင်ရတဲ့ရော့ခ်သီချင်းတွေနဲ့ သူမရဲ့ ဂီတလမ်းကြောင်းကို သရုပ်ဖော်နေတဲ့မိုင်လေးရဲ့ စကားလုံးတွေကို ခံစားကြည့်ပေးပါဦး။

မေး - တစ်ကိုယ်တော်စီးရီးစီစဉ်တဲ့ အတွေ့အကြုံနဲ့အခက်အခဲလေးတွေ ပြောပြပေးပါ။

ဖြေ - ၂၀၀၉မှာ စသွင်းတော့ မေမေနဲ့မိုင်လေးပဲရန်းကန်သွားလာရတာပေါ့။ စတူဒီယိုပြေးလိုက်။ သီချင်းသွင်းပြီးသားတွေကို ပယ်လိုက်၊ ပယ်ပြီးမှ ကောင်းတယ်ထင်ပြီး ပြန်ထည့်လိုက်နဲ့ အချိန်ကြန့်ကြာသွားတာတွေလည်း ရှိခဲ့တယ်။

မေး - မရှိလို့မဖြစ်ဆိုတဲ့ စီးရီးခေါင်းစဉ်က ဘယ်သီချင်းကို ရည်ရွယ်တာလဲ

ဖြေ - သီချင်းတစ်ပုဒ်အနေနဲ့မပါဝင်ဖြစ်ပေမယ့် ဒီစီးရီးထဲက ဘယ်သီချင်းလေးက ဒီခေါင်းစဉ်ကို ရည်ညွှန်းတာလဲဆိုတာ ပရိသတ်တွေကို ဖော်ခိုင်းရင်ကောင်းမလားလို့ စဉ်းစားနေပါတယ်။ ဘယ်လောကမှာမဆို အမေတွေကတော့ အရေးကြီးဆုံးပဲပေါ့နော်။

မေး - မိုင်လေးရဲ့ စီးရီးကို နားထောင်ကြည့်တော့ ရော့ခ်နဲ့ပန့်ခ် ဘက်နွယ်တဲ့သီချင်းတွေများနေတယ်။ အမျိုးသမီးအဆိုတော်အများစုနဲ့လိုက်ဖက်တဲ့ပေါ့ပ်ဂီတကို ဘာကြောင့်မရွေးချယ်တာလဲ။

ဖြေ - မိုင်လေးက ရော့ခ်ဂီတကို အရမ်းရူးသွပ်ပါတယ်။ မိုင်လေးအသံကလည်း ရော့ခ်ဆန်တဲ့သီချင်းတွေနဲ့လိုက်ဖက်တယ်ထင်လို့ပါ။ အော်တာနေးတစ်တို့၊ ပန့်ခ်တို့၊ မော်ဒန်ရော့ခ်ဆန်တဲ့ သီချင်းတွေလည်း ပါတယ်။

မေး - ပရိသတ်နဲ့ထိတွေ့တဲ့အပိုင်းမှာ တစ်ကိုယ်တော်အခွေမထွက်ရသေးခင်နဲ့ ထွက်ပြီးချိန် ကွာခြားမှုရှိနိုင်လား။

ဖြေ - ကိုယ်ကြိုးစားထားတာလေးတွေချပြလိုက်ရတဲ့အတွက် မသိသေးတဲ့ပရိသတ်တွေလည်း သိသွားလိမ့်မယ်။ အရင်တုန်းက သီချင်းအမြူးတွေပဲ လူသိများပေမယ့် တစ်ကိုယ်တော်ခွေမှာတော့ သီချင်းအေးအေးလေးတွေလည်း ဆိုထားပါတယ်။

မေး - အနုပညာအလုပ်ကနေ ဘယ်လိုသင်ခန်းစာတွေရခဲ့ပါသလဲ။ ပျော်တာပဲဖြစ်ဖြစ်၊ ဝမ်းနည်းတာပဲဖြစ်ဖြစ်ပေါ့။

ဖြေ - အသစ်တုန်းကဆိုရင် ကိုယ်နဲ့တန်းတူတွေက နည်းနည်းနှိမ်ချင်တယ်။ ဒါတောင်မေမေက ကာကွယ်ပေးနေလို့။ အရမ်းတော့မနှိမ်ရဲကြပါဘူး။

မေး - ဗီဒီယိုတွေရိုက်ဖြစ်ပြီး ပရိသတ်ဆီမရောက်ဖြစ်တာဘာကြောင့်လဲ။

ဖြေ - ထွက်တော့ထွက်ဖြစ်ပေမယ့် မသိလိုက်ကြတာများတယ်။ ကံနဲ့လည်းဆိုင်မယ်ထင်တယ်။ ခု ကိုမြင့်မြတ်နဲ့တစ်ကား၊ ကိုအောင်ရဲလင်းနဲ့တစ်ကား၊ ကိုထိုက်တန်နဲ့တစ်ကား ရိုက်ထားတယ်။

မေး - ပရိသတ်မသိသေးတဲ့ မိုင်လေးရဲ့ အမူအကျင့်လေးတွေရှိရင် အသိပေးပါဦး။

ဖြေ - မိုင်လေးသူများဆံပင်တွေကို သိပ်ကိုင်ချင်တယ်။ ခုဆို အစ်မဆံပင်ကို အရမ်းကိုင်ချင်နေပြီ (ရယ်လျက်)။ ကိုယ်နဲ့ခုမှစခင်တဲ့သူဆိုလည်း သူမသိအောင် တိတ်တိတ်လေးခိုးကိုင်မိနေတယ်။ သူများဆံပင်ကိုင်လို့မရရင် ကိုယ့်ဆံပင်ကိုယ်တစ်ချိန်လုံးကိုင်နေတာ။ အဲဒါငယ်ငယ်ကတည်းကအကျင့်။

မေး - မိုင်လေးဖြည့်စွက်ပြီး ပြောချင်တာများရှိပါသလား။

ဖြေ - မိုင်လေးတစ်ကိုယ်တော်အခွေက ဒီလ ၂၇ရက်ထွက်မှာပေါ့။ ဗီစီဒီကို ဩဂုတ်လ ၁၇၊ ဒါမှမဟုတ် ၁၈မှာဖြန့်မယ်။ ခုလိုစီးရီးဖြစ်မြောက်ဖို့ ကူညီကြသူတွေအပြင် စာမျက်နှာတွေပေါ်မ နေရာပေးခဲ့ကြတဲ့ စာနယ်ဇင်းကဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။

(၂၀၁၀ခုနှစ် ဇွန်လ ၂၄ရက်နေ့ထုတ် 7 Day News ဂျာနယ်)

## ငြိမ်နေတယ်လို့ထင်ရတဲ့ ရွှေထိုက်

အခုတလော စာမျက်နှာထက်မှာ တွေ့ရနည်းနေသလို၊ ငြိမ်နေတယ်လို့ထင်ရတဲ့ ရွှေထိုက်ကို သူငြိမ်နေရတဲ့အကြောင်းနဲ့ အင်တာဗျူးတွေ အဖြေနည်းရတဲ့အကြောင်းကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

"မေးခွန်းအသစ်တွေ မမေးကြရင် ရွှေထိုက်လည်း မဖြေဖြစ်တာပါ။ ရှောင်နေတာမျိုးတော့ မရှိပါဘူး။ သီချင်းဆိုတာကလည်း ဒီလိုပါပဲ။ ပွဲစီစဉ်သူတွေရှိတဲ့ပွဲတွေတော့ ဆိုဖြစ်ပါတယ်။ အရင်ကလိုတော့ သီးသန့်လှုပ်ရှားမှုတို့၊ ဘာတို့အစီတိုင်း စီထားတာမရှိတော့ပါဘူး။ ဘာကိုမှ ဘောင်ခတ်မထားပါဘူး။ လူ့ဘဝဆိုတာကလည်း ဘာမဆိုထင်သလို ပုံမှန်ကြီးအတိုင်းပဲ ဖြစ်လာမှာ မဟုတ်ဘူးလေ။ ခုနက ငြိမ်နေလားလို့ မေးတဲ့အပေါ် ဖြေရရင် ငြိမ်နေတာတော့ မဟုတ်ပါဘူး။ စိတ်လှုပ်ရှားမှုတော့ ရှိပါတယ်။ ကိုယ့်ဟာကိုယ်တော့ ပုံဖော်ကြည့်နေတာပဲ။ ရွှေထိုက်ရဲ့ အားနည်းချက်ကလေ အနုပညာကို အလုပ်တစ်ခုလို မခံယူဖြစ်တာပါ။ ကိုယ့်ဟာကိုယ်တော့ စိတ်တိုင်းမကျမချင်း လုပ်နေတာပဲ။ စိတ်တိုင်းကျရင်တော့ ခံစားချက်အစစ်လေးတွေကို ပရိသတ်စီ မျှဝေမှာပါ။ အဖြစ်မလုပ်ချင်လို့ မလုပ်ဖြစ်တာပါ။ အလုပ်မလုပ်တာလည်း မဟုတ်ပါဘူး။ အဟုတ်ကလေးတွေပဲလုပ်ပြီး ဖြစ်ဖြစ်မြောက်မြောက်နဲ့ ကိုယ့်ဘာသာကိုယ်စိတ်တိုင်းကျချင်ပါတယ်လို့ " ရင်ဖွင့်ဖြေခဲ့ပါတယ်။

(၂၀၁၀ခုနှစ် ဇွန်လ ၂၇ရက်နေ့ထုတ် 24/7 News ဂျာနယ်တွင် ဖော်ပြထားပါသည်။